## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်**

**(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၇၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၀-၉-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများ ရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၃ ရက်၊

(၂) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၄ ရက်၊

(၃) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၆) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၇) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၈) ချိဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၁ ရက်နှင့်

(၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အောက်မြန်မာပြည်(ဖောင်ကြီး)နှင့် အထက်မြန်မာပြည်(ဇီးပင်ကြီး)တို့တွင် ဒီမိုကရေစီအရေးနှင့် ပတ်သက်သော သင်ရိုးညွှန်းတမ်းများ ပြုစုပြဋ္ဌာန်းရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ဧည့်သည်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမယ့်မေးခွန်းကတော့ ပြည်သူ့ဝန်ထမ်းများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးတဲ့ ပြည်သူ့ဝန်ထမ်းတက္ကသိုလ်များ၊ ပြည်သူ့ဝန်ထမ်းကျောင်းများနှင့်ပတ်သက်လို့ ဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ပေးဖို့အတွက် အောက်မြန်မာပြည်မှာ(ဖောင်ကြီး)နဲ့ အထက်မြန်မာပြည်(ဇီးပင်ကြီး)တို့မှာ လေ့ကျင့်ရေးတက္ကသိုလ်များဖွင့်လှစ်ထားပါတယ်။ ဒီလိုလေ့ကျင့်ရေးကျောင်းတွေဟာ လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများရဲ့ အရည်အချင်းအတွက် အဓိကကျပါတယ်။ ဒီလိုဝန်ထမ်းတွေကို လေ့ကျင့်ပေးရာမှာလည်း ခေတ်စနစ်နဲ့အညီ ကိုက်ညီမယ့် မူဝါဒများနှင့်အညီ လေ့ကျင့်ပေးရမှာဖြစ်ပါတယ်။ အင်္ဂလိပ်ကိုလိုနီခေတ်ကတောင်မှ သူတို့ရဲ့အုပ်ချုပ်ရေးနှင့် အံဝင်ခွင်ကျဖြစ်တဲ့ဝန်ထမ်းတွေ မွေးထုတ်တဲ့သာဓကတွေရှိပါတယ်။ တစ်ချိန်ကကျော်ကြားခဲ့တဲ့ ICS ၊ BCS တွေဟာ သူတို့စနစ်အတွက် မွေးထုတ်ခံရတဲ့ ဝန်ထမ်းတွေဖြစ်ပါတယ်။ ဒါတွေကိုအကြောင်းပြုပြီးတော့မှ ကျွန်တော် မေးခွန်းတွေ တင်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပေးတဲ့အစီအစဉ်တွေကို တင်ပြရရင် ဖောင်ကြီးကျောင်းကို ယခင် မဆလခေတ်ကတည်းက တည်ထောင်ခဲ့တာဖြစ်ပါတယ်။ တပ်မတော်အစိုးရလက်ထက်ကျတော့ အထက်မြန်မာပြည်(ဇီးပင်ကြီး)မှာ တစ်ကျောင်းဖွင့်ခဲ့ပါတယ်။ ဒီကျောင်းနှစ်ကျောင်းမှာ တပ်မတော်အစိုးရမူဝါဒများနှင့်ကိုက်ညီတဲ့ ဝန်ထမ်းများကို လေ့ကျင့်ပေးခဲ့ပါတယ်။ လက်ရှိမှာလည်း အဲ့ဒီဖောင်ကြီးနှင့် ဇီးပင်ကြီးဝန်ထမ်းတက္ကသိုလ်တွေမှာ သင်တန်းမျိုးစုံဖွင့်လှစ်ပြီးတော့ ဝန်ထမ်းများကို လေ့ကျင့်ပေးလျက်ရှိပါတယ်။ ဥပမာ အုပ်ချုပ်ရေးဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့ရဲဒုရဲအုပ်လောင်း သင်တန်းများ စသည်တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကာလဟာ အသွင်ကူးပြောင်းရေးကာလဖြစ်ပါတယ်။ ဒါကြောင့် ဒီကျောင်းများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးတဲ့ အဆင့်ဆင့်သောဝန်ထမ်းများဟာလည်း ဒီမိုကရေစီနှင့်ကိုက်ညီတဲ့ ဝန်ထမ်းများဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ လောလော

**မူကြမ်း**

ဆယ်အားဖြင့် သိရတာကတော့ ယခုလက်ရှိသင်တန်းတွေမှာ ပို့ချနေတဲ့ Syllabus တွေ Text တွေဟာ ဒီမိုကရေစီအရေးနှင့်ပတ်သက်တဲ့ ပို့ချချက်တွေ လွန်စွာအားနည်းနေတယ်ဆိုတာ တွေ့ရပါတယ်။ မကြာခင်က ပြီးသွားတဲ့သင်တန်းတစ်ခုရှိပါတယ်။ ဒီသင်တန်းကတော့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ လိုအပ်တဲ့ ဆရာဝန်များကို လေ့ကျင့်တဲ့သင်တန်းပါ။ ဖောင်ကြီးမှာဖြစ်ပါတယ်။ အဲ့ဒီသင်တန်းမှာ တက်တဲ့ကလေးတစ်ယောက်ရဲ့ စာတွေကိုယူပြီးတော့ လေ့လာကြည့်တဲ့အခါမှာ သူတို့သင်ကြားရတဲ့ ဘာသာရပ်တွေမှာ ဘာတွေပါသလဲဆိုတော့ အခြေခံစစ်ရေးပြနဲ့ပတ်သက်တဲ့ သင်ခန်းစာ၊ အရာထမ်းကောင်းများနဲ့ပတ်သက်တဲ့ လိုအပ်တဲ့အခြေခံမူဝါဒများ၊ ဥပဒေနှင့်ပတ်သက်တဲ့ သိသင့်သိထိုက်သော ကိစ္စရပ်များ၊ စီးပွားရေးနှင့် စာရင်းအင်းပညာရပ်များ၊ အထွေထွေစီမံခန့်ခွဲမှုဘာသာရပ်နှင့် ခေါင်းဆောင်မှုပညာ၊ နိုင်ငံတကာရေးရာနှင့် ပထဝီနိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအတွေးအခေါ်များနှင့် ကမ္ဘာ့သမိုင်းအကျဉ်း၊ မြန်မာ့လွတ်လပ်ရေးသမိုင်းအကျဉ်းတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေါင်းစဉ်များကို ကြည့်ခြင်းအားဖြင့် အနာဂတ်ဝန်ထမ်းများအတွက် လိုအပ်တဲ့သင်ခန်းစာများဆိုတာ ယေဘုယျအားဖြင့် ပြောလို့ရပါတယ်။ ဒီသင်ခန်းစာများဟာ လိုအပ်ကြောင်းဆိုတာလည်း အသိအမှတ်ပြုပါတယ်။ သို့သော်လည်းပဲ အသေးစိတ်ကြည့်မယ်ဆိုလို့ရှိရင် ဒီဝန်ထမ်းများကို ဒီမိုကရေစီအရေးနှင့်ပတ်သက်ပြီး ပို့ချသင်ကြားမှု လွန်စွာအားနည်းနေတာ တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတာလည်း ယာယီသဘောပဲဆိုတာ သမိုင်းက သက်သေပြခဲ့ပါပြီ။ တပ်မတော်အစိုးရဆိုတာလည်း ကဏ္ဍတစ်ခု ပြီးဆုံးသွားခဲ့ပါပြီ။ ဒါပေမယ့် အနာဂတ်မြန်မာပြည် နိုင်ငံရေးခရီးမှာ ဒီမိုကရေစီအရေးဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်သလို အဓွန့်တည်ရှိမယ့်ဝါဒတစ်ခုဖြစ်တယ်ဆိုတာလည်း အားလုံးက သဘောတူလက်ခံနိုင်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် အနာဂတ်နိုင်ငံခေါင်းဆောင်များဖြစ်တဲ့ အရာထမ်း၊ အမှုထမ်းများကို ဒီမိုကရေစီအရေးနှင့် ပတ်သက်လို့ သင်ကြားပို့ချပေးရန် အလွန်လိုအပ်ပါတယ်။ ဒါပေမယ့် အဓိကလိုအပ်ချက်တစ်ချက်က အဲ့ဒီအရာထမ်း၊ အမှုထမ်းကောင်းတွေကို ပို့ချမယ့်ဆရာတွေကိုယ်တိုင်ကပါ ဒီမိုကရေစီအရေးနှင့် ပတ်သက်တဲ့ သင်ခန်းစာတွေ အကျွမ်းတဝင်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တင်ပြတဲ့ အချက်များကို မူတည်ပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးရခြင်းဖြစ်ပါတယ်။

(၁) ဒီဝန်ထမ်းတက္ကသိုလ်တွေမှာ သင်ကြားပို့ချမယ့်ဆရာများကို ဒီမိုကရေစီအရေးနှင့် သင်ခန်းစာနှင့် ပတ်သက်ပြီးတော့ ကျေကျေလည်လည်ဖြစ်အောင် အရည်အချင်းမြှင့်တင်ပေးမယ့်အစီအစဉ်ရှိ/မရှိ။

(၂) သင်တန်းသူ သင်တန်းသားများနှင့်ဆီလျော်တဲ့ ဒီမိုကရေစီအရေးနှင့်ပတ်သက်တဲ့ သင်ရိုးညွှန်းတမ်း

များ၊ Syllabus များ ပြုစုပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိ။ (၃) အထက်ပါ မေးခွန်းနှစ်ခုနှင့်ပတ်သက်လို့ အစီအစဉ်မရှိသေးလျှင် ဘယ်သောအခါမှ စတင်နိုင်မလဲဆိုတဲ့အချက်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြန်လည်ရှင်းလင်းဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ပထမအချက်နှင့်စပ်လျဉ်းပြီးတော့ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှာ သင်ကြားရေးတာဝန် ထမ်းဆောင်နေတဲ့နည်းပြများရဲ့ အရည်အသွေးမြင့်မားရေးကိစ္စဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ တာဝန်ထမ်းဆောင်နေတဲ့နည်းပြများရဲ့ အရည်အသွေးမြင့်မားလာစေဖို့၊ ထို့အပြင် နိုင်ငံတော်က ပြောင်းလဲကျင့်သုံးလျက်ရှိတဲ့ ဒီမိုကရေစီစနစ်နှင့်ပတ်သက်ပြီး အတွေ့အကြုံကောင်းများရရှိစေဖို့ဆိုပြီး ရည်ရွယ်ချက်နဲ့ ဒီနည်းပြတွေကို ပြည်ပနိုင်ငံများကိုစေလွှတ်ပြီး သင်တန်းတွေ၊ ဆွေးနွေးပွဲတွေ၊ နောက် လေ့လာရေးခရီးစဉ်တွေ တက်ရောက်စေလျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ် နိုင်ငံတော်အစိုးရသစ်ပေါ်ပေါက်ခဲ့တဲ့အချိန်ကစပြီး ဒီနေ့အထိဆိုလို့ရှိရင် အကျဉ်းတင်ပြရမယ်ဆိုရင် ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ မလေး၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း စတဲ့ ဒေသတွင်းနိုင်ငံများကို (၃၃) ကြိမ်တိုင်တိုင် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ နည်းပြဆရာတွေ၊ ဆရာမတွေကို အရေအတွက်အားဖြင့်ဆိုလို့ရှိရင်လည်း ၆၄ ဦး ကျွန်တော်တို့ စေလွှတ်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ဒီ့ထက်ပိုမိုပြီး စေလွှတ်နိုင်ဖို့အတွက်ကို ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

ဒီလို နည်းပြတွေကို ပြည်ပနိုင်ငံတွေကို စေလွှတ်သလို ပြည်တွင်းမှာလည်း ရာထူးဝန်အဖွဲ့က တာဝန်ယူရတဲ့ အာဆီယံလူ့စွမ်းအားဗဟို (ASEAN Resource Center)ဖွင့်လှစ်ပြီး နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်း အင်္ဂလိပ်လိုတော့ (Training of Trainers) ဖြစ်ပါတယ်။ TOT သင်တန်းတွေကို နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့ရဲ့ ခွင့်ပြုချက်ဖြင့် နှစ်စဉ်ဖွင့်လှစ်ပြီး နည်းပြများရဲ့အရည်အချင်း မြှင့်တင်ပေးလျက်ရှိပါတယ်။ ဒီ TOT

သင်တန်းတွေမှာလည်း ပြည်တွင်းပညာရှင်များ၊ နည်းပြများအပြင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ထိုင်းနိုင်ငံမှာအခြေစိုက်တဲ့ နိုင်ငံ့ဝန်ထမ်းကော်မရှင်ရုံး(OCSC)၊ နော်ဝေးနိုင်ငံအခြေစိုက်တဲ့ အပြည်ပြည်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့(IMG)၊ ကိုရီးယားနိုင်ငံမှာအခြေစိုက်တဲ့ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အာရှပစိဖိတ်ဗဟိုသင်တန်းဌာန (UN- APCICT)၊ နောက်ပြီး World Bank ၊ နောက် Bangkok မှာအခြေစိုက်တဲ့ ESCAP စတဲ့အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်ပြီး သင်တန်းတွေမှာ ဒီမိုကရေစီအရေးနှင့်စပ်လျဉ်းတဲ့ ခေါင်းစဉ်များဖြစ်တဲ့ Fundamentals of Good Management၊ Leadership Development ၊ Human Resources Development ၊ Strategic Management ၊ Good Governance ၊ Public of Administration ၊ Modern Political Constitutions ၊ Public Policies and Administration ၊ International Law စတဲ့ ဘာသာရပ်တွေကို သင်ကြားလေ့ကျင့်ပေးလျက်ရှိတဲ့အတွက် နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးချိန်မှ ယနေ့အထိဆိုလို့ရှိရင် သင်တန်းစုစုပေါင်း တစ်နှစ်ကို နှစ်ကြိမ်နှုန်းနဲ့ ဖွင့်လှစ်ပြီး သင်တန်းနည်းပြ ဆရာ ဆရာမ ၈၉ ဦးကို ပျိုးထောင်လေ့ကျင့်ပေးလျက်ရှိပါကြောင်း ဖြေကြားတင်ပြလိုပါတယ်။

ဒုတိယအချက်ကတော့ ဒီသင်တန်းကျောင်းတွေမှာ တက်ရောက်တဲ့ သင်တန်းသူ သင်တန်းသား များနှင့်ပတ်သက်တဲ့အပိုင်းမှာ သင်တန်းတက်ရောက်တဲ့ သင်တန်းသူ သင်တန်းသားများနှင့်ဆီလျော်တဲ့ ဒီမိုကရေစီအရေးနှင့်ပတ်သက်တဲ့ သင်ရိုးညွှန်းတမ်းများ ပြုစုရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှာ ဒီမိုကရေစီအရေးဆိုပြီးတော့ သီးခြားခေါင်းစဉ်နဲ့ သင်ရိုးညွှန်းတမ်းများ ပြုစုပြဋ္ဌာန်းထားခြင်းတော့မရှိပါဘူး။ ဒါပေမယ့်လည်း ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ အထောက်အကူဖြစ်စေမယ့် ဘာသာရပ်များကို နိုင်ငံတော်အကြီး အကဲရဲ့ လမ်းညွှန်မှုနှင့်အညီ ၂၀၁၃ ခုနှစ်ကစတင်ပြီး ဖွင့်လှစ်ခဲ့တဲ့ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်း (Senior-Level Officials Management Course)၊ နောက် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း (Government Executive Officials Management Course) ဒီသင်တန်းတွေမှာ ထည့်သွင်းပို့ချပေးလျက်ရှိပါတယ်။ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းဆိုရင် ကျွန်တော်တို့အမှတ်စဉ်(၃)အထိ Batch သုံးခုဖွင့်လှစ်ပေးပြီးဖြစ်ပါတယ်။ ဒီသင်တန်းမှာ ပို့ချတဲ့ ဘာသာရပ်များကို ကျွန်တော်တို့ အချိန်ကိုလေးစားသောအားဖြင့် တင်ပြပါဇယားကားချပ်နှင့် ကောက်နှုတ်တင်ပြထားပါတယ်။ ဒီ အခုမြင်တွေ့ရတဲ့ ဇယားကားချပ်ကိုကြည့်မယ်လို့ရှိရင် ဒါဟာ သင်တန်းမှာ သင်တန်းရဲ့ ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပနိုင်ငံက ပညာရှင်များ၊ အခုနက ကျွန်တော်

တင်ပြခဲ့တဲ့ အဖွဲ့အစည်းများက ပညာရှင်ကျွမ်းကျင်သူများ ဖိတ်ကြားပြီးတော့ ပို့ချစေခြင်းဖြစ်ပါတယ်။ ထို့အပြင် ပြည်တွင်းအပိုင်းအနေနဲ့ဆိုလို့ရှိရင်လည်း ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် နောက်တစ်ခါ ဒုတိယဝန်ကြီးများအပါအဝင် ကျွမ်းကျင်ပညာရှင်များကနေပြီးတော့ လာရောက်ပို့ချပေးလျက်ရှိပါတယ်။ ဘာသာရပ်များကိုလည်း ကျွန်တော် ဇယားကားချပ်မှာ ဆက်လက်ပြီးတော့ ဖော်ပြတင်ပြထားတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းဆိုလို့ရှိရင် ပြီးခဲ့တဲ့ ဇွန်လကနေပြီးတော့ မကြာသေးမီ ဩဂုတ်လအထိ ရှစ်ပတ်ကြာမျှ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှာ သမ္မတကြီးရဲ့လမ်းညွှန်မှုနှင့်အညီ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ဒီမှာဆိုရင်လည်း အဆင့်မြင့်အရာရှိကြီးများဖြစ်တဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် အရာထမ်းများတက်ရောက်ခဲ့ခြင်းဖြစ်ပြီးတော့ ဒီသင်တန်းတွေမှာ ဒီမိုကရေစီရေးနဲ့ ဆက်နွယ်ပြီးတော့ သင်ကြားပို့ချပေးခဲ့တဲ့ဘာသာရပ်များကိုလည်း ကျွန်တော် ဇယားကားချပ်မှာ ကောက်နုတ်ပြီးတော့ တင်ပြထားတာတွေ့ရမှာဖြစ်ပါတယ်။ ဒီလိုပြည်ပ ပညာရှင်တွေ၊ နောက် ပြည်တွင်းက အဆင့်မြင့်အရာရှိကြီးတွေ၊ ပညာရှင်တွေ၊ ပို့ချဆွေးနွေးရုံတင်မက ဒီလိုပို့ချတဲ့သင်တန်းတွေမှာ သန္ဓေဖြစ်တဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်များက သင်တန်းနည်းပြများကိုလည်း လေ့လာသူအဖြစ်တက်ရောက်စေပြီး သူတို့ကနေတစ်ဆင့် ဆင့်ပွားသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ အချုပ်အားဖြင့်တော့ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှာ နှစ်စဉ်ပုံမှန်ဖွင့်လှစ်တဲ့ သင်တန်းတွေ၊ ထို့အပြင် ကျွန်တော်ဖော်ပြတဲ့အထဲမှာမပါတဲ့ အခြားသောသင်တန်းများမှာလည်း ဒီမိုကရေစီအရေးနှင့်ပတ်သက်သော သင်ခန်းစာဘာသာရပ်များကို သင်ရိုးညွှန်းတမ်းများတွင် လိုအပ်သလို ထည့်သွင်းပြုစုသင်ကြားပို့ချနိုင်ရေးအတွက်ကိုလည်း ကျွန်တော်တို့ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) နဲ့ညှိနှိုင်းပြီး Technical Assistant တစ်ဦးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ခုနက ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပုဂ္ဂိုလ်တင်ပြသွားတာ ကျေးဇူးတင်ပါတယ်။ တင်ပြသွားတဲ့အချက်အလက်တွေဟာ ဝန်ထမ်းကောင်းတွေ၊ အရာထမ်းကောင်းတွေအတွက် အကျိုးရှိမယ့် သင်ခန်းစာတွေဆိုတာ ကျွန်တော်ဝန်ခံပါတယ်။ သို့သော်လည်းပဲ ကျွန်တော်အဓိက တင်ပြချင်တဲ့ကိစ္စက ဒီအရာထမ်း၊ ဝန်ထမ်းကောင်းတွေနဲ့ပတ်သက်လို့ ဒီမိုကရေစီလမ်းကြောင်းကို ရှေးရှုတဲ့သင်ခန်းစာကို သတ်သတ်မှတ်မှတ်သီးသန့်လုပ်ပေး သင့်တယ်လို့ယူဆတဲ့အတွက်ကြောင့်မို့လို့ တင်ပြရခြင်း၊ မေးခွန်းထုတ်ရခြင်းဖြစ်ပါတယ်။ ဥပမာဆိုပါတော့ ကျွန်တော်တို့

မြန်မာ့လွတ်လပ်ရေးသမိုင်းမှာ လှုပ်ရှားမှုတွေ၊ နောက်တစ်ခု ပါလီမန်ဒီမိုကရေစီစနစ်ရဲ့အခြေအနေ၊ နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကနေပြီးတော့မှ ၁၉၈၈ မှာ တပ်မတော်အစိုးရကာလ တောက်လျှောက်ဖြတ်သန်းလာတဲ့အခါမှာ ဒီမိုကရေစီနဲ့ပတ်သက်တဲ့လှုပ်ရှားမှုတွေဟာ တစ်ဘာသာ ထူးခြားတဲ့အတွက်ကြောင့်မို့လို့ ဒါတွေက သီးသန့်ဦးစားပေးသင့်တယ်ဆိုတဲ့အကြောင်း သိချင်လို့ မေးခွန်းထုတ်ရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာအုပ်စုတွင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီ အစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်တင်ရီ၊ ကွန်းစုမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကွန်းစုမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင့်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန်ပန်ကြားအပ်ပါသည်။ မေးမြန်းရခြင်းအကြောင်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကွန်းစုမဲဆန္ဒနယ် ရေကန်တောင်ကျေးရွာအုပ်စုတွင် ခုတင် ၁၆ လုံးဆံ့ တိုက်နယ်ဆေးရုံတစ်ရုံကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးသွားမှာဖြစ်ပါတယ်ရှင့်။ မေးမြန်းရခြင်း အကြောင်းအရင်းမှာ ကွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ၁၆ ရွာဖြင့်ဖွဲ့စည်းထားပြီး အနီးဆုံးကန်မှော်ကျေးရွာအုပ်စုတိုက်နယ်ဆေးရုံသို့ ၄ နာရီခန့် ရေလမ်းခရီးဖြင့်သွားလာရပြီး လှိုင်းလေထန်ခံသည့်အချိန်တွင် သွားရောက်ရန် လွန်စွာမှခက်ခဲပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ခရီးစဉ်တွင် ဒေသခံများ၏ တောင်းဆိုချက်အရ ယင်းရေကန်တောင်ကျေးရွာတွင် မြေနေရာရရှိပါက တိုက်နယ်ဆေးရုံတစ်ရုံကို ချထားပေးမည်ဖြစ်ကြောင်း ကတိပေးထားခဲ့ပါသည်။ ယခုချိန်တွင် ရေကန်တောင်ကျေးရွာရှိမြေပိုင်ရှင်ဖြစ်သူ ဦးစိုးမိုး၊ ဒေါ်သိဂီဝင်းတို့မှာ ဆေးရုံဆောက်လုပ်ရန် မြေ ၅ ဧကကိုလှူဒါန်းထားပြီးဖြစ်ပါသည်။ သို့ပါ၍ ရေကန်တောင်ကျေးရွာတွင် ဆေးရုံဆောက်လုပ်ပေးပါရန် ကျေးလက်နေပြည်သူတို့ကလည်း အားတက်သရောမျှော်လင့်နေကြပါသည်။ သို့ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် ခွင့်ပန်အပ်ပါသည်။ ရေကန်တောင်ကျေးရွာအုပ်စု ခုတင် ၁၆ လုံးဆံ့တိုက်နယ်ဆေးရုံတစ်ရုံကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်းနှင့် မဆောက်လုပ်ပေးနိုင်ဆိုပါက အဘယ်

ကြောင့်နည်း။ ကျေးရွာပြည်သူများရဲ့ကိုယ်စား မေးမြန်းပေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ရှင့်။

**ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံတွင် လူနာတင်ယာဉ်တစ်စီးခွင့်ပြုပေးရန်၊ စီသောင်နှင့် ဝင်ဝရွာသစ်ကုန်းရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုစီဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းနိုင်၊ ရွှေကူမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဝင်းနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့ဆေးရုံကြီးတွင် လူနာတင်ယာဉ်ကားတစ်စီးချမှတ်ပေးရန်နှင့် စီသောင်ကျေးရွာအုပ်စု၊ နောင်လတ်ကြီးကျေးရွာအုပ်စုများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုစီ ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်း၍မေးမြန်းမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံသည် ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံတစ်ခုအဖြစ် ၁၉၆၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ခုတင် ၅၀ ဆံ့စံကိုက်ဆေးရုံအဖြစ်ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်။ ဆေးရုံ သုံးရန် လူနာတင်ယာဉ်ကား မရှိသဖြင့် မြို့နယ်လူမှုကူညီရေးအသင်းသို့ အကူအညီတောင်းနေရပါတယ်။ လူမှုကူညီရေးအသင်းမှလည်း အသင်း၏လုပ်ငန်းနှင့် တိုက်ဆိုင်နေလျှင် လူနာတင်ရေး၊ လူနာသယ်ပို့ရေးခက်ခဲမှုရှိလာပါတယ်။ မြို့လူထုမှ လူနာတင်ယာဉ်ကားသို့မဟုတ် အထွေထွေသုံးရန် ယာဉ်ကားတစ်စီး လိုအပ်လာပြီဖြစ်ကြောင်း တင်ပြလာကြပါတယ်။ ရွှေကူမြို့နယ်၊ စီသောင်ကျေးရွာအုပ်စုသည် စီသာတိုက်နယ်ကျေးလက်ကျန်းမာရေးဌာနရှိသော်လည်း ညရေး၊ ညသာ စီသောင်ကျေးရွာအုပ်စုတွင် မွေးလူနာများပေါ်ပေါက်လာပါက အလှမ်းဝေးသဖြင့် သွားလာမှုတွင်အန္တရာယ်များခြင်း၊ လမ်းတွင်လုံခြုံမှုမရှိပါ၍ အမျိုးသမီးသားဖွားဆရာမ များသွားလာမှု အဆင်မပြေဖြစ်လျက်ရှိပါတယ်။ အချိန်မီလူနာထံမရောက်ခြင်းကြောင့် မဖြစ်သင့်သည်များဖြစ်ခဲ့ဖူးကြောင်းတင်ပြလာပြီး ကျေးရွာပြည်သူလူထုမှ စီသောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုဖွင့်လှစ်ပေးပါရန် တင်ပြတောင်းဆိုလာကြပါတယ်။ တစ်ဖန်ရွှေကူမြို့နယ်၊ နောင်လတ်ကြီးကျေးရွာအုပ်စုသည် လေးရွာအုပ်စုဖြစ်ပြီး နောင်လတ်ကြီး၊ ဝင်ဝရွာသစ်ကုန်း၊ ဝေခူး၊ ပူခန်ရွာဟူ၍

ရှိကြပါတယ်။ နောင်လတ်ကြီးကျေးရွာသည် နတ်လိုင်ရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်နီးစပ်သော်လည်း ဝင်ဝရွာသစ်ကုန်း၊ ဝေခူး၊ ပူခန်တို့သည် တစ်ရွာနှင့်တစ်ရွာအလှမ်းဝေးကြပြီး ကျေးရွာအုပ်စုတွင်း အိမ်ထောင်စုပေါင်း ၄၅၇ ခုရှိပါတယ်။ နတ်လိုင်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အလားတူ နောင်လတ်ကြီးကျေးရွာအုပ်စု၊ ဝင်ဝရွာသစ်ကုန်းတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးပါရန် တင်ပြလာကြပါတယ်။ သို့ပါ၍ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံတွင် လူနာတင်ယာဉ်ကားတစ်စီး ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ခွင့်ပြုချထားပေးမည်နည်း။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် စီသောင်ရွာနှင့် နောင်လတ်ကြီးကျေးရွာအုပ်စု၊ ဝင်ဝရွာသစ်ကုန်းတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုစီ ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိ။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ ကိုယ်စားလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းအိမ်ရာနှင့် ဆေးရုံဝင်းခြံစည်းရိုးတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဦးရယ်၊ ဖရူဆိုမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးရယ်(ဖရူဆိုမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဦးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံရှိ ဝန်ထမ်းအိမ်ရာများနှင့် ဆေးရုံဝင်းခြံကိစ္စနှင့်ပတ်သက်ပြီး ဒေသခံပြည်သူတို့ရဲ့ကိုယ်စား မေးခွန်းမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖရူဆိုမြို့နယ်၊ ပြည်သူ့ဆေးရုံကို လွန်ခဲ့တဲ့ ၁၉၅၅ ခုနှစ် ပါလီမန်အစိုးရလက်ထက်တွင် ဆောက်လုပ်ခဲ့ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၀ ခန့်ကြာမြင့်သည့် အဆောက်အဦဖြစ်ပါတယ်။ သက်တမ်းကြာမြင့်သည်နှင့်အမျှ မြို့နယ်ဆရာဝန်နေအိမ်အပါအဝင် ဝန်ထမ်းအိမ်ရာများသည် ဟောင်းနွမ်းဆွေးမြည့်ပြီး ခေါင်မိုးပေါက်ပြဲမိုးယိုလျက် အုတ်နံရံတို့မှာလည်းပဲ အက်ကွဲ၊ ချိုနဲ့၊ ယိုင်နဲ့လျက်ရှိနေတဲ့အတွက် လူနေရန်သင့်တော်ခြင်းမရှိတော့တဲ့ အန္တရာယ်ဆောင်များဖြစ်ပါတယ်။ အလားတူစက်ရုံ ဝင်းခြံမှာလည်း ယိုယွင်းပျက်စီးပြီး လုံခြုံမှုမရှိတဲ့အတွက် ဝင်းခြံအတွင်းရှိ ပန်းပင်များ၊ အလှပင်များ၊ သောက်သုံးရေများနှင့် အိမ်သာများကို ကျွဲ၊ နွား တိရစ္ဆာန်

တို့က မကြာခဏ ဝင်ရောက်ဖျက်ဆီးခံရကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများရဲ့ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြအပ်ပါတယ်။ မေးခွန်း (၁) ဖရူမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန် နေအိမ်အပါအဝင် ဝန်ထမ်းအိမ်ရာများနှင့် ဆေးရုံဝင်းခြံတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေများဖြင့် အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မေးခွန်း(၂) အစီအစဉ်မရှိသေးပါက မည်သည့်အချိန်တွင် ပြန်လည်တည်ဆောက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ် သုံးဦးရဲ့မေးမြန်းချက်ကို ကျန်းမာရေးဝန်ကြီးဌာနက တပေါင်းတစည်းတည်း ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသောမေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၏ မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်ရန် ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း ၁၀၀ ခွင့်ပြုခဲ့ပါတယ်။ ကျွန်းစုမြို့နယ်၊ သစ်ရာပိုင်တိုက်နယ်ဆေးရုံ၊ ပထပ်တိုက်နယ်ဆေးရုံ၊ မောတောင်တိုက်နယ်ဆေးရုံများ ဆောက်လုပ်ရန်အတွက်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း ၁၅၀ စီ၊ ကန်မော်တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ကျပ်သန်း ၅၀ ၊ ကျွန်းစုမြို့နယ်၊ မောင်းလျှော် တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ကျပ် ၃၅၀ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၂၀၅ သန်းခွင့်ပြုထားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်းစုမြို့နယ်၊ ရေကန်တောင် တိုက်နယ်ဆေးရုံ တည်ဆောက်ပေးရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင့်။

**မူကြမ်း**

ဆက်လက်၍ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၏ မေးခွန်းနဲ့စပ်လျဉ်း၍ ကျန်းမာရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများတွင် အရေးပေါ်လူနာတင်ယာဉ်ထားရှိခြင်းဖြင့် လူနာလွှဲပြောင်းပေးပို့ခြင်းတွင် အထောက်အကူဖြစ်စေမည်ဖြစ်သဖြင့် လူနာတင်ယာဉ်များ ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သော လူနာတင်ယာဉ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ထားရှိသော လူနာတင်ယာဉ်များ၊ ဂျပန်နိုင်ငံ Nippon Foundation က လှူဒါန်းသည့် လူနာတင်ယာဉ်များနှင့် ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)တွင် လက်ရှိအသုံးပြုနေသည့် လူနာတင်ယာဉ် များကို ၂၀၁၄ ခုနှစ်၊ မတ်လအတွင်း ပြည်သူ့ဆေးရုံများသို့ စုစုပေါင်း ၉၃ စီးအား ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ အလှည့်ကျတာဝန်ယူစဉ်ကာလအတွင်း အသုံးပြုမည့် လူနာတင်ယာဉ် ၁၉ စီးအား ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)တွင် တာဝန်ချထားပြီး ၂၀၁၅ ခုနှစ်၊ အစည်းအဝေးများ ပြီးဆုံးချိန်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အင်အားထပ်မံဖြည့်နိုင်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်ရှိသော ပြည်သူ့ဆေးရုံကြီးများတွင် အသုံးပြုနိုင်ရန်အတွက်လည်းကောင်း အဆိုပါလူနာတင်ယာဉ်များကို ထပ်မံခွဲဝေထောက်ပံ့ပေးနိုင်မည်ဖြစ်ပါတယ်။ ၎င်းအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အဆင့်အထိ လူနာယာဉ်များ ထောက်ပံ့ပေးနိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး၊ ပြည်သူ့ဆေးရုံ၊ ရွှေကူမြို့နယ်တွင် လိုအပ်လျက်ရှိသော လူနာတင်ယာဉ်တစ်စီးအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ပေးနိုင်ရေးအတွက် ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။

ဆက်လက်၍ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဝင်ဝရွာသစ်ကုန်းကျေးရွာအုပ်စုတွင် လူဦးရေ ၂၁၅၇ ဦး ရှိပါတယ်။ ရွှေကူမြို့နယ်မှ ၁၀ မိုင်၊ စီသာကျေးလက်ကျန်းမာရေးဌာနနှင့် ငါးမိုင်၊ နန့်လန်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် နှစ်မိုင်သစ်တောများ ပတ်လည်ဝန်းရံထားသော ဝေခူး၊ ပူခိုင်၊ နောင်လက်ကြီးကျေးရွာများ၏ ဗဟိုအချက်အခြာကျသော နေရာဒေသဖြစ်ပါသဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုချက် ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ စီသောင်ကျေးရွာသည် စီသာကျေးလက်ကျန်းမာရေးအောက်တွင်ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ခြေ ၂၇၉ အိမ်၊ လူဦးရေ ၁၅၅၆ ဦးရှိပြီး စီသာကျေးလက်ကျန်းမာရေးဌာနနှင့် သုံးမိုင်သာကွာဝေးပါသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ နောင်လက်ကြီးကျေးရွာ

သည် နတ်လန်ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး ဝင်ဝရွာသစ်ကုန်းကျေးရွာနှင့် နောင်လက်ကြီးကျေးရွာတို့မှာ တဆက်တည်းကျေးရွာများဖြစ်ပါသဖြင့် ဝင်ဝရွာသစ်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်မည်ဖြစ်ပါသဖြင့် နောင်လက်ကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန် မလိုအပ်သေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြား အပ်ပါတယ်ရှင်။

ဆက်လက်၍ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးရယ်၏မေးခွန်းနှင့်စပ်လျဉ်း၍ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန်နေအိမ်အပါအဝင်ဝန်ထမ်းအိမ်ရာများနှင့် ဆေးရုံဝင်းခြံတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရန်ပုံငွေများဖြင့် ပြန်လည်တည်ဆောက်ပေးရန်နှင့်ပတ်သက်၍ ဖြည့်စွက်ရန်ပုံငွေမှာ အမျိုးသားစီမံကိန်းဥပဒေတွင် မပါဝင်သော လုပ်ငန်းစီမံကိန်းသစ်များကို တောင်းခံခြင်းမပြုရပါသောကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရန်ပုံငွေတွင် လျာထားပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်စဉ်လျာထားတင်ပြ တောင်းခံပေးသွားမည်ဖြစ်ပြီး၊ ခွင့်ပြုသောရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြား အပ်ပါတယ်။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် အနာဂတ်အစီအမံများ မည်သို့ချမှတ်ထားသည်နှင့်အစီအမံများကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများကြုံတွေ့လာပါက မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးချုပ်တင့်ဆန်း၊ တပ်မတော်သားကိုယ်စားလှယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်တင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ယနေ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်ကို မဏ္ဍိုင်ကြီး(၃)ခုဖြစ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် ဟန်ချက်ညီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ခြင်းကြောင့်လည်း နိုင်ငံတော်အစိုးရသစ်လက်ထက် သုံးနှစ်ကျော်ကာလအတွင်းမှာ အထိုက်

အလျောက်တိုးတက်မှုများရှိလာတာကို တွေ့ရမှာဖြစ်ပါတယ်။ အထက်ပါမဏ္ဍိုင်ကြီး(၃)ခု ဟန်ချက်ညီဆောင်ရွက်တဲ့နေရာမှာ မဏ္ဍိုင်ကြီးတစ်ခုချင်းစီအလိုက် အားသာချက်၊ အားနည်းချက်နဲ့ စိန်ခေါ်မှုတွေရှိနေမှာဖြစ်ပါတယ်။ အဆိုပါ အားနည်းချက်နဲ့ စိန်ခေါ်မှုများအပေါ်မှာ ပြန်လည်သုံးသပ်ပြီးတော့ အားနည်းချက်များကို အားသာချက်အဖြစ်လည်းကောင်း၊ စိန်ခေါ်မှုတွေကိုတော့ အခွင့်အလမ်းများအဖြစ်နဲ့လည်းကောင်း ဖန်တီးယူမှသာ ကျွန်တော်တို့ ကျန်ရှိတဲ့ သက်တမ်းကာလအတွင်းမှာ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြင့်မားလာမယ်လို့ ယူဆရပါတယ်။

ဒါ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုလည်းလိုအပ်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း နိုင်ငံတော်ရဲ့ အနာဂတ်အစီအမံများကို သိရှိမှသာ မိမိတို့ကျရာအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှာပဲဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ နိုင်ငံတော်ရဲ့ မဏ္ဍိုင်ကြီး(၃)ခုဖြစ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့အနေနဲ့ ကျန်ရှိတဲ့ သက်တမ်းကာလအတွင်းမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဟန်ချက်ညီဆောင်ရွက်မယ့် အနာဂတ်အစီအမံများ မည်သို့ချမှတ်ထားပါသနည်း။ ထိုသို့အနာဂတ်အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စိန်ခေါ်မှုများနှင့်ကြုံတွေ့လာပါက စိန်ခေါ်မှုများကို အားသာချက်အခွင့်အလမ်းများအဖြစ်နဲ့ ဖန်တီးယူနိုင်ဖို့ အတွက်ကို မည်သည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ကို သိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ဗိုလ်မှူးချုပ်တင့်ဆန်း၊ တပ်မတော်သားကိုယ်စားလှယ် မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)နှင့် (ခ) တို့အရ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို

တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုလုပ်ရမည် ဖြစ်ပြီးတော့ ဒီလိုပိုင်းခြားထားတဲ့ နိုင်ငံတော်ရဲ့အာဏာ(၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွေကို ခွဲဝေအပ်နှင်းထားရှိပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာနှင့်စပ်လျဉ်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တွေကို ခွဲဝေအပ်နှင်း ထားပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်တဲ့ ဥပဒေ ပြုရေးအာဏာကို ခွဲဝေအပ်နှင်းထားပါတယ်။

အုပ်ချုပ်ရေးအာဏာနှင့်စပ်လျဉ်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆ အရ နိုင်ငံတော် အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဟာ နိုင်ငံတော်သမ္မတဖြစ်ပြီးတော့ ပုဒ်မ ၁၇ ပုဒ်မခွဲ(က) အရ နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာအားလည်းကောင်း ခွဲဝေအပ်နှင်းထားပါတယ်။ နိုင်ငံတော်ရဲ့ တရား စီရင်ရေးအာဏာနှင့် စပ်လျဉ်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော် များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တရားရုံးများအပါအဝင် အဆင့်ဆင့်သောတရားရုံးများကို ခွဲဝေ အပ်နှင်းထားကြောင်း၊ အဆိုပါဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(ခ)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံးဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံတွေကို ချမှတ် ဆောင်ရွက်တဲ့အခါမှာ မဏ္ဍိုင်ကြီး(၃)ရပ် ညီညွတ်မျှတစေဖို့အတွက် အပြန်အလှန်ထိန်းကျောင်း ရေးမူနဲ့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ အုပ်ချုပ်ရေးပိုင်းမှာ ပြည်ထောင်စုအစိုးရအနေနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပုဒ်မတွေနှင့်အညီ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ တွေကလည်း ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်တဲ့အခါမှာ ကူညီဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ ချမှတ်ထားတဲ့ မူဝါဒတွေနဲ့အညီ လိုအပ်တဲ့စီမံကိန်းတွေကိုရေးဆွဲပြီးတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ

တယ်။ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာဥပဒေကြမ်းကိုလည်း ရေးဆွဲပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းအတည်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်တဲ့ ကိစ္စရပ်တွေနှင့်စပ်လျဉ်းပြီးတော့ လိုအပ်တဲ့ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုချက်ရယူပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေနှင့်လည်း မိမိဒေသအတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းတွေနှင့်စပ်လျဉ်းတဲ့ စီမံကိန်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရအဖွဲ့အနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့တဲ့အခါမှာ ပထမဆုံးအဆင့် (First Wave) အဖြစ် ပါတီစုံဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းပေးခဲ့ပါတယ်။ တာဝန်ယူပြီး တစ်နှစ်ကျော်အတွင်းမှာပဲ လွှတ်တော်၊ နိုင်ငံရေးပါတီအသီးသီးနဲ့ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒုတိယအဆင့် (Second Wave) အဖြစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှုတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အခု ကျန်ရှိတဲ့ ကာလအတွင်းမှာ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးမှာ အခြေခံအုတ်မြစ်ခိုင်မာအောင်ဆောင်ရွက်ပေးရမယ့် တာဝန်နှင့် ပြည်သူတို့ရဲ့ လူမှုစီးပွားဦးစားပေးလိုအပ်ချက်တွေကို ဖြည့်ဆည်းရမယ့်တာဝန်တွေကို တတိယအဆင့်(Third Wave)အဖြစ် အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဥပဒေပြုမှုအပိုင်းအနေနဲ့ ပြည်သူ့လွှတ်တော်ဟာလည်း ဥပဒေပြုရေးတာဝန်တွေကိုသာမက ပြည်သူလူထုရဲ့ လိုလားချက်ဖြစ်တဲ့ မေးခွန်းနှင့်အဆိုတွေကိုတင်သွင်းခြင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ နှင့်အညီ အစိုးရအဖွဲ့ရဲ့ ကတိကဝတ်တွေကိုစိစစ်ခြင်း၊ နည်းဥပဒေ ၁၀၀ နှင့်အညီ အစီရင်ခံစာတင်သွင်းခြင်းစတဲ့ တာဝန်တွေကိုပါဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကလည်း အဓိကအားဖြင့် အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့နှင့် ဒီလွှတ်တော်ကိုယ်စားလှယ်တွေက တင်သွင်းလာတဲ့ ဥပဒေကြမ်းတွေကို ဒီအချက်တွေပေါ်မှာ အခြေခံပြီးတော့ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအချက်တွေကတော့-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေ၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွေနှင့် ညီညွတ်မှုရှိ/မရှိ၊

(ခ) နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ ဦးတည်ချက်တွေနှင့် ညီညွတ်မှုရှိ/မရှိ၊

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့ရဲ့ အကျိုးစီးပွားကို အလေးထားပြီးတော့ ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်းရှိ/မရှိ၊

(ဃ) နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကိုထိခိုက်စေတဲ့ အချက်တွေ ပါဝင်မှုရှိ/မရှိ၊

(င) အများပြည်သူရဲ့ အသက်အိုးအိမ်လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးတို့ကို ထိခိုက်စေခြင်းရှိ/မရှိ၊

(စ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမယ့် အရေးအသား၊ အသုံးအနှုန်းများပါဝင်မှုရှိ/မရှိ၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုနှင့်တစ်ခု၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုနှင့် တစ်ခုတို့အကြား လုပ်ပိုင်ခွင့်တွေ ရောထွေးခြင်းရှိ/မရှိ၊

(ဇ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ ဒါမှမဟုတ် ဒေသအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရ ရေးဆွဲထားတဲ့ ဥပဒေကြမ်းဖြစ်လျှင် ဒီစာချုပ်တွေ၊ သဘောတူစာချုပ်တွေပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားတဲ့ အချက်တွေနှင့်လိုက်လျောညီထွေမှုရှိ/မရှိ၊

(ဈ) မူပိုင်းဆိုင်ရာ အချက်အလက်တွေ၊ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အချက်အလက်တွေကို ပြည့်စုံစွာ ပါဝင်ခြင်းရှိ/မရှိ၊

(ည) လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် အခြေအနေရှိ/မရှိ စတဲ့အချက်တွေဖြစ်ပြီးတော့ စိစစ်သုံးသပ်ပါတယ်။

လက်ရှိအချိန်မှာ လွှတ်တော်အနေနဲ့ သက်တမ်း ၃ နှစ်ကျော် ကာလအတွင်းမှာ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မတိုင်မီ ကျန်ရှိတဲ့ ဥပဒေတွေကို ပြီးစီးအောင် စီမံချက်ချမှတ်ပြီးတော့ အရှိန်အဟုန်နဲ့ ဆက်လက်

ဆောင်ရွက်လျက်ရှိကြောင်းလည်း အားလုံးအသိဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက် တရားရေး မဏ္ဍိုင်ဟာဆိုရင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့် ဟန်ချက်ညီအောင် ဆောင်ရွက် လျက်ရှိပါတယ်။ တရားမျှတမှုအလို့ငှာ အခွင့်အာဏာပိုင်းခြားသုံးစွဲရသည်များရှိသကဲ့သို့ အပြန်အလှန် ထိန်းကျောင်းခြင်းလည်းရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ ပါ တရားစီရင်ရေးမူတွေမှာ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးဆိုတဲ့ မူတစ်ရပ်ပါရှိပါတယ်။ တရားရေးမဏ္ဍိုင်အနေနဲ့ အခြားသော မဏ္ဍိုင်တစ်ခုခုရဲ့ စွက်ဖက်လွှမ်းမိုးမှုကိုခံရမယ်ဆိုရင် နိုင်ငံရဲ့ပုံရိပ်ကို ထိခိုက်စေနိုင်တဲ့ အတွက်ကြောင့်မို့လို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးဆိုတဲ့မူကို မဏ္ဍိုင် (၃)ခုစလုံးက အခိုင်အမာ စောင့်ထိန်းခြင်းဟာလည်း စိန်ခေါ်မှုတစ်ခုဖြစ်သလို အားသာချက်တစ်ခုလည်း ဖြစ်ပါ တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လက်ရှိအခြေအနေမှာ ကျွန်မရှင်းလင်းတင်ပြခဲ့သလိုပဲ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဆိုတဲ့ မဏ္ဍိုင်(၃)ရပ်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းအားဖြင့် ဟန်ချက်ညီ စီမံဆောင်ရွက်နိုင်တဲ့အတွက် မြန်မာ နိုင်ငံကို နိုင်ငံတကာက လက်ခံလာကြပြီးတော့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းပါဝင် ဆောင်ရွက်လာကြတာကို အားလုံးအသိဖြစ်ပါတယ်။ ဒါတွေဟာလည်း အားနည်းချက်နဲ့ စိန်ခေါ်မှုတွေကို အားသာချက်နဲ့ အခွင့်အလမ်းတွေအဖြစ် ဖန်တီးနိုင်ခဲ့မှုရဲ့ သက်သေတစ်ရပ်ဖြစ်ပါ တယ်။ ကျန်ရှိတဲ့သက်တမ်းကာလမှာလည်း ယခုအတိုင်း ဆက်လက်ပြီးတော့ ဆောင်ရွက်သွားခြင်း အားဖြင့် အားနည်းချက်များ၊ စိန်ခေါ်မှုများ ကြုံတွေ့လာပါကလည်း အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းများအဖြစ် ဖန်တီးဖော်ဆောင်သွားနိုင်မှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်မှူးချုပ်တင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးမြန်းခွင့်ပြုပါ။ ခုနက ပြည်ထောင်စုဝန်ကြီး ရှင်းပြသွား သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အနာဂတ်အစီအမံတွေကို သိရတဲ့အတွက် ပြည်သူလူထု ကိုယ်စား အထူးပဲဝမ်းမြောက်မိပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အကောင် အထည်ဖော်တဲ့နေရာမှာ မဟာဗျူဟာတွေ၊ နည်းဗျူဟာတွေချမှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါ

တယ်။ တချို့အိမ်နီးချင်းနိုင်ငံတွေဆိုရင် ၂၀၅၀ ခုနှစ်မှာ မဟာအင်အားကြီးနိုင်ငံဖြစ်လာဖို့ မျှော်မှန်း နေသလို တချို့ကလည်း စီးပွားရေးမှာ ထိပ်တန်းနိုင်ငံဖြစ်လာဖို့ မျှော်မှန်းနေတဲ့ နိုင်ငံတွေလည်း ရှိပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ချမှတ်ထားတဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေ အပေါ်မှာ မဏ္ဍိုင်ကြီး(၃)ခုကနေ အရှိန်အဟုန်မြှင့်ပြီးတော့ ဟန်ချက်ညီဆက်လက်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဆင့်ကို အလျင်အမြန်ရောက်ရှိလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုကိုယ်စားမေးမြန်းလိုတာကတော့ မြန်မာနိုင်ငံအနေနဲ့ မည်သည့်ခန့်မှန်း မည်သည့်အချိန်ကာလမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒေါ်လှဲ့လှဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန)**။ ။ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့ အခုဆိုရင် နှစ်စဉ် စီမံကိန်း၊ ကာလလတ် ၅ နှစ်စီမံကိန်း၊ နှစ်ရှည် နှစ် ၂၀ စီမံကိန်းတွေကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နှစ်စဉ်စီမံကိန်းတွေကိုလည်း အစိုးရအဖွဲ့ကတစ်ဆင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုချက်ကို ရယူပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၅ နှစ်စီမံကိန်းကိုလည်း ၂၀၁၁-၂၀၁၂ ကနေပြီးတော့ ၂၀၁၅-၂၀၁၆ အထိ ၅ နှစ်စီမံကိန်းကိုလည်း ရေးဆွဲပြုစုပြီးတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက် ကိုရယူပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆက်လက်လည်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံအနေနဲ့ အခု ကျွန်မတို့ ၂၀၁၁-၂၀၁၂ ကနေပြီးတော့ ၂၀၃၀-၂၀၃၁ အထိ ကျွန်မတို့ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရေးဆွဲပြုစုနေပြီဖြစ်ပါတယ်။ အဲဒီမှာ ကျွန်မတို့က National Comprehensive Development Plan လို့ခေါ်ပါတယ်။ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြစ်ပါတယ်။ အဲဒီစီမံကိန်းအရ ကျွန်မတို့သည် ၅ နှစ် စီမံကိန်းသက်တမ်းကာလများအလိုက် ပိုင်းခြားသတ်မှတ်ပြီးတော့ ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ နောက် ရေရှည်ပေါ့။ ၂၀၃၀-၂၀၃၁ မှာ ကျွန်မတို့သည် ဒီလယ်ယာစိုက်ပျိုးရေးကို အားထားနေရတဲ့ နိုင်ငံအဖြစ်ကနေပြီးတော့ စက်မှုနိုင်ငံအဖြစ်ကို ကူးပြောင်းသွားနိုင်ဖို့ ရည်ရွယ်ချက် ချမှတ်ပြီးတော့ ၅ နှစ်အလိုက်၊ ၅ နှစ်အလိုက်၊ ၅ နှစ်အလိုက် နှစ်လတ်ပေါ့။ စီမံကိန်းများနဲ့ ကျွန်မတို့က မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ရည်မှန်းချက်များချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်သွား မှာဖြစ်ပါတယ်။ ရေရှည်မှာတော့ ဒီလယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ်ကနေ ၂၀၃၀-၂၀၃၁ မှာ ကျွန်မတို့

သည် စက်မှုနိုင်ငံအဖြစ်ကို ကူးပြောင်းသွားဖို့အတွက် ရည်ရွယ်ချက်နဲ့ချမှတ်ပြီးတော့ ဆောင်ရွက်ဖို့အတွက် အစီအစဉ်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မအနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဗိုလ်မှူးချုပ်တင့်ဆန်း၊ တပ်မတော်သားကိုယ်စားလှယ်ရဲ့ မေးခွန်းဟာ အင်မတန်မှ ကောင်းမွန်ပါတယ်။ တကယ်ပြန်ဖြေမယ်ဆိုလို့ရှိရင် အင်မတန်မှ ကျယ်ပြန့်တဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ သို့ရာတွင် ဒီနေ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကနေပြီးတော့ မဏ္ဍိုင်(၃)ခုပေါ် ခြုံငုံပြီးတော့ တင်ပြဆွေးနွေးပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ထိုနည်းတူစွာပဲ ထပ်ဆင့်မေးတဲ့မေးခွန်းပေါ်မူတည်ပြီးတော့ ထပ်မံရှင်းလင်းပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ သူ့ရဲ့မေးခွန်းရဲ့ အလိုအတိုင်းပြောမယ်ဆိုရင် မဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့အနေဖြင့် ကျန်ရှိသည့်သက်တမ်းကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဟန်ချက်ညီဆောင်ရွက်မည့် အနာဂတ်အစီအမံများမည်ကဲ့သို့ ချမှတ်ထားသည်၊ ထိုသို့ အနာဂတ်အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့လာပါက စိန်ခေါ်မှုများကို အားသာချက်အခွင့်အလမ်းအဖြစ် ဖန်တီးယူနိုင်ရန် မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ကို သိလိုပါသည်လို့ ဒီလိုပြောတဲ့အတွက် ဒီမေးခွန်းကို ဖြေမယ်ဆိုရင် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့ လွှတ်တော်ဘက်ကလည်း ဖြေဖို့လိုကောင်းလိုမယ်ဖြစ်သလို တရားရေးမဏ္ဍိုင်ဘက်ကလည်း ဖြေရမှာဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄ မှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်လို့ ဒီလိုဖော်ပြထားပါတယ်။ နိုင်ငံသားများရဲ့ အခွင့်အာဏာကို လွှတ်တော်ကိုယ်စားလှယ်များထံ အပ်နှင်းထားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးကိစ္စရပ်အားလုံးအတွက် တာဝန်အရှိဆုံးသော အဖွဲ့အစည်းဖြစ်ပါတယ်။ ဒီနေရာမှာ မေးခွန်းနှင့်ဆက်စပ်ပြီးတော့ ဥပဒေပြုရေးမဏ္ဍိုင်မှာလည်း စိန်ခေါ်မှုတွေ၊ အခက်အခဲတွေရှိတာအမှန်ပါ။ ကျန်တဲ့မဏ္ဍိုင်တွေမှာလည်း ဒီလိုလည်းရှိတာအမှန်ပါ။ ဒါကြောင့်မို့လို့ ဥပဒေပြုရေးမဏ္ဍိုင်အနေနဲ့ စိန်ခေါ်မှုများ၊ အခက်အခဲများမည်သို့ရှိတယ်။ ဒီစိန်ခေါ်မှုတွေ၊ အခက်အခဲတွေကိုကျော်လွှားပြီးတော့ မည်သို့ ဆောင်ရွက်သင့်တယ်ဆိုတာကိုလည်း တပ်မတော်သားကိုယ်စားလှယ်များအနေနဲ့၊ အစုအဖွဲ့အနေနဲ့ ပြန်လည်သုံးသပ်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌဆီ တင်ပြပေးစေလိုပါတယ်။ အဲဒီအတိုင်းပဲ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ဖြတ်သန်းလာတဲ့ကာလတစ်လျှောက်မှာ တွေ့ရှိရတဲ့အပေါ် မူတည်ပြီးတော့

သုံးသပ်ချက်သင်ခန်းစာများနဲ့လည်း တင်ပြပေးစေလိုပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ လွှတ်တော်အနေနဲ့ အခု တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း မေးတဲ့မေးခွန်းကို အတိုချုပ်ပြန်လည်ဖြေကြားဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ ယူဆပါတယ်။ ထိုနည်းတူစွာပဲ ဒီနေ့တရားရေးမဏ္ဍိုင်ကိုယ်စားပြု တရားသူကြီးချုပ်ကိုယ်စားလှယ်လည်း ဒီထဲရောက်တဲ့အတွက် ဒီမေးခွန်းပေါ်မူတည်ပြီးတော့ မိမိတို့ တရားရုံးချုပ်အနေနဲ့လည်း ပြန်လည်စဉ်းစားသုံးသပ်ပြီးတော့ တင်ပြခြင်းအားဖြင့် နိုင်ငံအတွက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်တို့ရဲ့ လိုအပ်ချက်တွေ၊ စိန်ခေါ်မှုတွေကို စုပေါင်းဖြေရှင်းမယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ မေးတဲ့မေးခွန်းအပေါ်မှာ တရားရေးမဏ္ဍိုင်အနေနဲ့လည်း ပြန်လည်ဖြေကြားပေးဖို့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့် ဒီလိုဖြေကြားတဲ့အခါမှာ အားလုံးပြည့်စုံသွားပြီးတဲ့အခါမှာ ကျွန်တော်တို့ ဒီနေ့ ကြုံတွေ့နေရတဲ့အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို မှန်မှန်ကန်ကန်ဖြေရှင်းနိုင်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် နိဂုံးပြန်ပြောမယ်ဆိုရင်တော့ ဗိုလ်မှူးချုပ်တင့်ဆန်း တပ်မတော်သားကိုယ်စားလှယ်ရဲ့မေးခွန်း အင်မတန်မှကောင်းမွန်ပါတယ်။ နက်နဲကျယ်ဝန်းမှုလည်းရှိပါတယ်။ ဒီအဖြေကို ကျွန်တော်တို့ မဏ္ဍိုင်(၃)ခုကိုယ်စား ဖြေပေးသွားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ သို့ရာတွင် ဒီလောက်နဲ့တော့ လုံလောက်ဦးမှာမဟုတ်ပါဘူး။ ဒါကျွန်တော်တို့ပြန်လေ့လာသုံးသပ်ပြီးတော့မှ ဆက်ပြီးဆောင်ရွက်ရမယ့်ကိစ္စတစ်ခုဖြစ်ကြောင်း တင်ပြချင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၂၄-၉-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ၁၅-၉-၂၀၁၄ ရက်နေ့တွင် စတင်ဆွေးနွေးခဲ့ပြီး ၂၃-၉-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေသည် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှုမရှိတော့ခြင်း၊ လက်ရှိအခြေအနေတွင် ကိုင်တွယ်ကျင့်သုံးမှု မရှိတော့ခြင်းတို့ကြောင့် ယင်းအက်ဥပဒေကို ရုပ်သိမ်းရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ တင်သွင်းလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၅-၉-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ကြရာ ရုပ်သိမ်းသည့်ဥပဒေကြမ်းတွင် အပိုဒ်(၂)ခုပါရှိပြီး ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိတော့ခြင်း၊ လက်ရှိအခြေအနေတွင် ကိုင်တွယ်ကျင့်သုံးခြင်းမရှိတော့သည်ကို တွေ့ရှိရပါသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မရှိ လက်ခံရန် သဘောတူညီခဲ့ကြပါသည်။

၄။ သို့ဖြစ်ပါ၍ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့

လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားအစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျာ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည် စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃-၁၀-၂၀၁၄(သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ဖြစ်တဲ့ ၃၁-၇-၂၀၁၄ ရက်နေ့မှာဖွဲ့စည်းခဲ့ပြီး ကော်မရှင်၏ အစီရင်ခံစာကို ၃၀-၉-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး တင်ပြရန်ညွှန်ကြားခဲ့ပါတယ်။ လေ့လာသုံးသပ်ရေးကော်မရှင်က အစီရင်ခံစာကို ၂၄-၉-၂၀၁၄ ရက်နေ့မှာ ဥက္ကဋ္ဌထံ တင်ပြလာပါတယ်။ အစီရင်ခံစာကို လေ့လာရာမှာ ကော်မရှင်အနေဖြင့် စေတနာထား ကြိုးစားဆောင်ရွက်ထားမှုများကို တွေ့ရှိရသော်လည်း ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စား ရွေးချယ်ရန်အတွက် စနစ်သုံးမျိုးသာတင်ပြထားသည်ကို တွေ့ရှိရပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များက ရွေးချယ်နိုင်ရန် ယခုထက်ပိုသောအခွင့်အရေးပေးသင့်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်အနေဖြင့် ပြည်သူများနှင့် ပြည်သူ့ကိုယ်စားလှယ်များအတွက် ရွေးချယ်ရန်နည်းလမ်း အနည်းဆုံး (၇)ခုကို ရွေးချယ်တင်ပြရန်နှင့် ၂၁-၁၀-၂၀၁၄ ရက်နေ့နောက်ဆုံးထားပြီး တင်ပြရန် စီစဉ်ထားပြီးဖြစ်ကြောင်း လွှတ်တော်အား အသိပေးတင်ပြပါတယ်။

## ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ငါးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မ ကတော့ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ် အေးချမ်းရေးကော်မတီ၏အစီရင်ခံစာကို ဖတ်ရှုခြင်းအားဖြင့် ကျွန်မတို့မြန်မာနိုင်ငံ၏ တရားဥပဒေ စိုးမိုးမှုအားနည်းခြင်း၊ အဂတိတရားလာဘ်ပေးလာဘ်ယူမှု ကြီးမားကျယ်ပြန့်အောင် ဆောင်ရွက်နေ ခြင်းများ ပြုမူနေပါတယ်လို့ သုံးသပ်မိပါတယ်ရှင်။ ကော်မတီ၏အစီရင်ခံစာ စာမျက်နှာ ၅၊ ၆၊ ၇ တွင် တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးညှိနှိုင်းမှုကော်မတီ ဖွဲ့စည်းရေးအတွက် ပြည်ထောင်စု လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ညှိနှိုင်းမှု ကော်မတီဝင်အဖွဲ့ အမည်များ တောင်းရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနတို့၏ ကိုယ်စားလှယ်အဖွဲ့ဝင်အမည်စာရင်းများကို ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ချုပ်ထံသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်ဟု ဖော်ပြထားပါတယ်ရှင်။ ထိုနည်းတူစွာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံးကလည်း ကိုယ်စားလှယ်အမည်စာရင်းပေးပို့ခဲ့ပြီးဟု ဖော်ပြထားတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်ရှင်။ လွန်ခဲ့တဲ့ စက်တင်ဘာလထဲမှာ မန္တလေးနှင့်လားရှိုးမြို့တို့မှာ တရားဥပဒေ စိုးမိုးရေးစင်တာများ ဖွင့်လှစ်ခါနီးမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးညှိနှိုင်းမှုကော်မတီ ဖွဲ့စည်းရေးအား ဝန်ထမ်းများမပါဝင်စေဘဲ လွှတ်တော်အစီအစဉ် ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း တရားဥပဒေစိုးမိုးရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါက ပြည်ထဲရေးဝန်ကြီးဌာန တစ်ခုတည်းအနေဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်းတို့ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ကို ကိုးကားပြီးတော့ မူလ သဘောထားနှင့်ကွဲလွဲပြီးတော့ ပြန်လည်ဖြေကြားလာတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကလည်း သင်တန်း တက်ရန်ငြင်းပယ်လာပြီး အထက်ကလည်း တရားဝင်ခွင့်ပြုချက်မရဟူ၍လည်း အကြောင်းကြားလာ ပြီးဖြစ်ပါ၍ တရားသူကြီးဦးရေကလည်း ၁၂၀၀ သာရှိပါသဖြင့် သင်တန်းသို့လွှတ်ရန် အခက်အခဲရှိ သည်ဟုပြောကြားပြီးတော့ ငြင်းပယ်လာခဲ့တာကိုလည်း အစီရင်ခံစာမှာဖော်ပြထားပါတယ်ရှင်။ အထွေ

ထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်သူ့ရဲတပ်ဖွဲ့တို့ကလည်း သင်တန်းသို့စေလွှတ်ရန် ခွင့်ပြုချက်လိုအပ်ကြောင်းတို့ကိုလည်း ပြောကြားခဲ့ပါတယ်။ အထက်ပါအကြောင်းပြချက်ကို လေ့လာသုံးသပ်ရရင်ဖြင့် (၁) ပြည်ထောင်စုအစိုးရအဖွဲ့သည် မူလသဘောထားမှကွဲလွဲပြီး ပြောင်းလဲအကြောင်းပြန်ချက်၊ အကြောင်းပြချက်များ ဖွဲ့စည်းပုံ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ) ပြဋ္ဌာန်းချက်ထဲက အချုပ်အခြာအာဏာ၏ခက်မ (၃) ဖြာကို တတ်နိုင်သလောက် ပိုင်းခြားသုံးစွဲခြင်းဆိုတဲ့အပိုင်းကို တတ်နိုင်သလောက်ဆိုတဲ့စာသားကို ဖြုတ်ချင်တဲ့သဘော ပါနေတယ်လို့ ကျွန်မအနေနဲ့လေ့လာသုံးသပ်မိပါတယ်ရှင်။ အပြန်အလှန်ထိန်းကျောင်းခြင်းကို လုံးဝလျစ်လျူရှုထားတယ်လို့လည်း မြင်မိပါတယ်ရှင်။ (၂)အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း အထက်ကလည်း တရားဝင်ခွင့်ပြုချက်မရဘူးဆိုရာမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အထက်မှာ မည်သူများရှိနေပါသလဲ။ အာဏာရှင်ခေတ်တွင် တရားရေးဟာ အစိုးရလက်အောက်မှာ ရှိနေတဲ့စနစ်များ၊ ခေါက်ရိုးကျိုးနေတဲ့အစိုးရအဖွဲ့သဘောထားများကို အလေးအနက်ထားပြီး ကျင့်သုံးဆဲဖြစ်နေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

(၃)အနေနဲ့ ခက်မ(၃)ဖြာဖြစ်တဲ့ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတို့မှာ ဥပဒေပြုရေးအဖွဲ့ဆိုတဲ့ လွှတ်တော်ကို ပြည်သူတို့၏မဲဆန္ဒနှင့်အညီ ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်း၍ ဒီမိုကရေစီစနစ်တွင် အာဏာဟာ ပြည်သူတို့ဆီကနေလာတဲ့အတွက် ဥပဒေပြုအဖွဲ့က အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့တို့ကို အမိန့်ပေးကြိုးကိုင်တာမဟုတ်သော်လည်း ပေါင်းစပ်ညှိနှိုင်းမည့်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဝေဖန်ထောက်ပြနိုင်ပါတယ်ရှင်။ စွပ်စွဲချက်တင်နိုင်ပါတယ်။ ဖြုတ်ချနိုင်ပါတယ်။ အသစ်တဖန်ပြန်လည်ဖွဲ့စည်းနိုင်ပါတယ်လို့ ကျွန်မအနေနဲ့ လေ့လာထားရှိခဲ့ရပါတယ်။ နောက်တစ်ချက်က ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံကို ပြဋ္ဌာန်းထားတော့မယ်။ လုပ်ပိုင်ခွင့် အပြည့်အဝအသုံးမချသေးဘူးလား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း ၎င်းတို့၏ပြဋ္ဌာန်းထားသောဥပဒေများကို အရေးယူမှုမပြုသေးဘူးလား။ အထောက်အကူပြုရန် လက်အောက်ခံအဖွဲ့အစည်းများ လုံလောက်မှုမရှိသေး၍ အခက်အခဲများရှိနေပါသလားဆိုတဲ့မေးခွန်းများလည်း ထုတ်စရာဖြစ်လာပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ နိုင်ငံတော်သမ္မတကြီးကလည်း ထပ်ခါတလဲလဲပြောထားတာကတော့ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် တရားဥပဒေစိုးမိုးမှုမရှိဘူးဆိုရင် သမ္မတကြီး၏ပြောကြားချက်က အမှန်တကယ်ဖြစ်မြောက်လာမယ် ဟုတ်/မဟုတ်ဆိုတာလည်း ကျွန်မတို့အနေနဲ့ ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။ အစီရင်ခံစာရဲ့နောက်ဆုံးအပိုဒ်မှာ တရားရုံး

များကို လေ့လာစောင့်ကြည့်ရေး လွတ်လပ်တဲ့အဖွဲ့အစည်းများရှိသင့်ကြောင်းလို့ ဖော်ပြထားပါတယ်။ ၎င်းအထောက်အကူပြုအဖွဲ့အစည်းသည် အင်အားရှိသော၊ လွတ်လပ်သော၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့၊ လွတ်လပ်သောအဂတိလိုက်စားမှုတိုက်ဖျက်ရေးခုံရုံး ရှိသင့်ပြီးတော့ တရားမျှတမှုရှိတဲ့၊ တရားစွဲခံရသူများဘက်မှ အမှုမှန်ပေါ်ပေါက်အောင် အမှုလိုက်ပေးတဲ့အဖွဲ့အစည်းများလည်း ရှိသင့်ပါကြောင်းလို့ ကျွန်မအနေနဲ့ ထပ်ဖြည့်ပြီးတော့ အကြံပြုရင်းနိဂုံးချုပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါလို့ အားလုံးကို နှုတ်ခွန်းဆက်ပါတယ်ရှင်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ မနေ့က တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကတင်သွင်းတဲ့ အစီရင်ခံစာကို ဖတ်ကြည့်ပြီးတော့ ကျွန်မ များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါတယ်။ ဒီအစီရင်ခံစာဟာ ကျွန်မတို့ဥပဒေပြုရေးဖြစ်တဲ့ လွှတ်တော်ရဲ့အခြေအနေ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခြေအနေတို့ကို များစွာထင်ဟပ်စေပါတယ်။ ဒီအစီရင်ခံစာကို ဖတ်ပြီးတော့ ဆွေးနွေးသင့်/မသင့်ကို တော်တော်လေးစဉ်းစားဆုံးဖြတ်ရ ခက်စေပါတယ်။ ပြည်သူများရဲ့အကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးကိုထောက်ရှုပြီးတော့ ဆွေးနွေးပါရစေရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ အစီရင်ခံစာကို အသေးစိတ်လေ့လာတဲ့အခါမှာ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် လွှတ်တော်ကော်မတီများရဲ့ကဏ္ဍ ဆိုတဲ့ အပိုင်းသုံးပိုင်းကို သွားတွေ့ပါတယ်။ ဒီအစီရင်ခံစာမှာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက တရားဥပဒေစိုးမိုးရေးစင်တာများကို ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ဆောင်နေမှုအခြေအနေ၊ အခက်အခဲများကို အဓိကတင်ပြထားကြောင်း တွေ့ရပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှရဲအရာရှိများကို သင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် UNDP ၊ EU စသော နိုင်ငံခြားအဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ အုပ်ချုပ်ရေးပိုင်းအနေဖြင့် သင်တန်းတက်ရောက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခြင်းအပြင် ညှိနှိုင်းအစည်းအဝေးကိုလည်း အကြိမ်ကြိမ်တက်ရောက်ကာ တရားဥပဒေစိုးမိုးရေးစင်တာများကို ဖွင့်လှစ်နိုင်ရေး အမည်စာရင်းပေးပို့ခြင်းသည် စင်တာကို ဖွင့်လှစ်ရန်သဘောတူသကဲ့သို့ဖြစ်ပြီးတော့ လွှတ်တော်အစီအစဉ်ဖြင့်သာ ဆောင်ရွက်သင့်သည်ဟု အကြောင်းပြန်ခြင်းမှာ မိမိတို့ရဲ့ကတိကို ချိုးဖောက်ရာရောက်တဲ့အသွင်

ဖြစ်နေပါတယ်။ လူမှာကတိ၊ မင်းမှာသစ္စာဆိုတဲ့အတိုင်း အများကို ဦးဆောင်ဦးရွက်ပြုနေတဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ထိုကဲ့သို့သောကိစ္စကို များစွာဂရုပြုရမှာဖြစ်ပါတယ်ရှင်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြည်သူ့ရဲတပ်ဖွဲ့များတို့ကလည်း သင်တန်းသို့ စေလွှတ်ရန် တရားဝင်ခွင့်ပြုချက် လိုအပ်ကြောင်း ပြောကြားချက်မှာ ယခုအထိ ဗျူရိုကရေစီဆန်နေသေးသော ယန္တရားအရ အဆိုပါဌာနများသည် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လက်အောက်ဌာနဖြစ်သောကြောင့် မလွဲမသွေခွင့်ပြုချက် ရယူရမည်သာဖြစ်ပါတယ်။ သို့သော် ဝန်ကြီးဌာနများက အလုပ်ရုံဆွေးနွေးပွဲ၊ ညှိနှိုင်းဆွေးနွေးပွဲသို့ အကြိမ်ကြိမ်တက်ရောက်ဆွေးနွေးပြီးမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့စာကြောင့် မဖြစ်နိုင်၊ မပူးပေါင်းနိုင်ဟုဆိုခြင်းက သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီးများသည် မိမိတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာ မဆုံးဖြတ်နိုင်သေးကြောင်း ပေါ်လွင်နေပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ငြင်းပယ်ခြင်း၊ တရားဝင်ခွင့်ပြုချက်မရဟု အကြောင်းပြန်ခြင်းမှာလည်း မဖြစ်သင့်ပါ။ မိမိတို့၏ ဆင်ခြင်တုံတရားကိုအကြောင်းပြု၍ မျှတအောင် ပြည်သူများအတွက် ဆုံးဖြတ်ရမည့်ပုဂ္ဂိုလ်များသည် ထိုကဲ့သို့အကြောင်းပြန်ခြင်းက မိမိတို့ကိုယ်တိုင်ရပ်တည်ချက်ဖြင့် တရားစီရင်ဆုံးဖြတ်ခြင်း၊ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ရဲ့လွှမ်းမိုးမှုကို ခံနေရတယ်လို့ ပြည်သူများက ထင်မြင်ယူဆစေပါတယ်။ လွှတ်တော်ရဲ့အပိုင်းကို ကြည့်ပါက ပြည်ထောင်စုအစိုးရအဖွဲ့နှင့်သော်လည်းကောင်း၊ တရားစီရင်ရေးအဖွဲ့နှင့်သော်လည်းကောင်း၊ ကြိုတင်ညှိနှိုင်းပေါင်းစပ်နိုင်မှုအားနည်းတယ်လို့ ထင်မြင်မိပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီအား လေ့လာသုံးသပ်ပါက ၎င်းတို့သည် တရားဥပဒေစိုးမိုးရေးအတွက် အစွမ်းကုန်ကြိုးစားနေကြောင်း တွေ့ရပါတယ်။ သို့သော် အလုပ်ရုံဆွေးနွေးပွဲများတွင် ရဲတပ်ဖွဲ့အပေါ် လွှတ်တော်မှ ကြီးကြပ်မှုဟူသော ခေါင်းစဉ်နှင့်စကားလုံးများသည် စေတနာမည်မျှပင်မှန်ကန်စေကာမူ အုပ်ချုပ်ရေးအပိုင်းက ၎င်းတို့အပေါ် တိုက်ရိုက်ဝင်ရောက်စွက်ဖက်တယ်လို့ အထင်အမြင်လွဲမှားမှုကို ဖြစ်ပေါ်စေပါတယ်။ တရားဥပဒေစိုးမိုးရေးအခြေခံဖြင့် ရဲတပ်ဖွဲ့အပေါ် လွှတ်တော်မှ ပံ့ပိုးကူညီမှုဟုဆိုလျှင် လွှတ်တော်မှ အုပ်ချုပ်ရေးအပေါ် ကူညီပံ့ပိုးနေကြောင်း ပို၍ပေါ်လွင်ထင်ရှားမှာဖြစ်သလို အထင်အမြင်လွဲမှားမှုလည်း လျော့နည်းနိုင်ပါတယ်။ ကျွန်မတို့အားလုံးရဲ့ ပြဿနာအရင်းအမြစ်မှာ ဒီမိုကရေစီကူးပြောင်းရေးကာလဖြစ်သည်နှင့်အညီ ဒီမိုကရေစီကျင့်စဉ်ဖြစ်သော အချင်းချင်းအပြန် အလှန်ထိန်းကျောင်းခြင်းစနစ်နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းစနစ်တို့ကို အလွယ်တကူလက်မခံလိုခြင်းဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုတဲ့မူဝါဒမှာ နိုင်ငံတော်တစ်ခုလုံးနှင့် သက်ဆိုင်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းဆိုသော မူဝါဒနှင့် သက်ဆိုင်မှုမရှိသော သီးခြားပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်နေပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးသည် ကော်မတီတစ်ခုတည်းနဲ့သာမက မဏ္ဍိုင်သုံးရပ်လုံးနှင့်သက်ဆိုင်နေပါတယ်။ တစ်ဦးတစ်ယောက်တည်းက လုပ်လို့မရသလို မဏ္ဍိုင်တစ်ခုတည်းနဲ့လည်း အကောင်အထည်ဖော်လို့မရပါဘူး။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် မီဒီယာများ၊ ပြည်သူများက ပူးပေါင်းပါဝင်မှ အောင်မြင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်တဲ့ ယခုအချိန်အခါမှာ သိသာထင်ရှားတဲ့ပြောင်းလဲမှု တစ်စုံတစ်ခုမှ မတွေ့ရသေးပါဘူး။ ဒါကြောင့် ယခုခေတ်အချိန်မှာ အထူးလိုအပ်ချက်အနေနဲ့ ပြည်တွင်းပြည်ပအသင်းအဖွဲ့များ၊ ပြည်တွင်းအုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် လွှတ်တော်မှ လွှတ်တော်ဆိုင်ရာကော်မတီများ ပူးပေါင်းဆောင်ရွက်ရေးမှာ မဖြစ်မနေလုပ်ဆောင်ရမယ့်ကိစ္စဖြစ်နေပါတယ်။ ပြည်သူလူထုကလည်း ပူးပေါင်းဆောင်ရွက်ပေးစေလိုတဲ့ စိတ်ဆန္ဒ ပြင်းပြနေပါတယ်။ အခြေအနေကလည်း ဒီလိုပဲ တောင်းဆိုလျက်ရှိနေပါတယ်။ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်အားမထက်သန်ခြင်းသည် ကျွန်မတို့ တိုင်းပြည်အခြေအနေအရပ်ရပ်ကို ဆိုးရွားစေပါတယ်။ လက်ရှိမှာ နိုင်ငံရေးအကျိုးအမြတ်ကိုမတွက်သင့်ဘဲနဲ့ နိုင်ငံသားပြည်သူများရဲ့အကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွားတို့သာ မိမိတို့ရဲ့ဘုံ ဦးတည်ရာပန်းတိုင်ဖြစ်သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာအပေါ်မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဟာ နိုင်ငံတော်အတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိတယ်ဆိုတာ ကျွန်တော်တို့အားလုံး နားလည်သဘောပေါက်ကြပါတယ်။ တရားဥပဒေစိုးမိုးဖို့၊ တရားစီရင်ရေးဖြောင့်မတ်မှန်ကန်စေဖို့ကလည်း အရေးကြီးလှပါတယ်။

တရားစီရင်ရေးဖြောင့်မတ်မှန်ကန်စေဖို့ကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေဝန်ထမ်းများ၊ တရားသူကြီးများ၊ ရှေ့နေကြီးများ၊ သက်ရှိသက်မဲ့သက်သေခံများ၊ တိကျမှန်ကန်စေပြီး ပါဝင်ပတ်သက်ဆောင်ရွက်သူမှန်သမျှ အဂတိတရားကင်းရှင်းကြမှသာလျှင် မှန်ကန်တဲ့လမ်းကြောင်းကို ရောက်ရှိကြမှာဖြစ်ပါတယ်။ ဒါက တရားစီရင်ရေးတစ်ခုတည်းရှိပါသေးတယ်။ တရားစီရင်ရေးကိစ္စဟာ တရားစွဲဆိုပြီဆိုတော့ တရားစီရင်ဆုံးဖြတ်တဲ့အခါ အရှုံးအနိုင်ဆိုတာ ရှိလာကြပါပြီ။ ဒီလိုရှိလာကြတော့ ရှုံးတဲ့သူကမကျေမနပ်ဖြစ်တော့ အသံတွေ ပိုထွက်လာကြပါတယ်။ အမှန်တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာဌာနဆိုင်ရာအချို့ ဘယ်လောက်ပေးမှ ဘာလုပ်ပေးမယ်ဆိုတဲ့ တရားမဝင်ညှိနှိုင်းမှုတွေဟာ တရားစီရင်ရေးထက် ဆိုးရွားစွာဆောင်ရွက်နေကြသေးတာတွေကိုလည်းပဲ အပြင်မှာသိပ် အသံမထွက်ဘူးလားလို့ သုံးသပ်မိပါတယ်။ ဒါက တစ်ဖက်တည်းဆောင်ရွက်တော့ တရားမဝင်ညှိနှိုင်းမှုက အပြင်ကို သိပ်မရောက်တဲ့သဘောဖြစ်တယ်လို့လည်း လေ့လာတွေ့ရှိရပါတယ်။ ပြုပြင်စရာတွေကတော့ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းအသီးသီးရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအသီးသီးတို့ကို ပြုပြင်ကြရမှာဖြစ်ပါတယ်။ ဒီလိုကိစ္စရပ်များပြုပြင်နိုင်ဖို့နှင့် ကူညီထိန်းညှိနိုင်ဖို့လည်း ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏တာဝန်မှာ ကော်မတီသည် အပိုဒ်ခွဲ(က) ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့အစိုးရတရားရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ သတင်းမီဒီယာနှင့် သက်ဆိုင်သူအားလုံးတို့သည် တရားဥပဒေနှင့်အညီ နေထိုင်ပြုမူလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထိန်းညှိကူညီခြင်းပြုရမည်။ အရေးယူဆောင်ရွက်ရန်ရှိပါက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်ဟု ဖော်ပြထားပါတယ်။ ကော်မတီ၏အစီရင်ခံစာဟာ စာမျက်နှာ ၁ နှင့် ၂ တို့တွင် ဖော်ပြထားတဲ့ တာချီလိတ်မြို့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့က သွားရောက်ခဲ့ပြီး ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့များက ဆောင်ရွက်ချက်များဟာ ကော်မတီ၏တာဝန်အပိုဒ်ခွဲ(က)နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် ထောက်ခံပါကြောင်းနှင့် ယခုထက်ပိုမိုဆောင်ရွက်သင့်ကြောင်းကိုလည်းပဲ အကြံပြုလိုပါတယ်။

အစီရင်ခံစာ၏ စာမျက်နှာ ၂ ဒုတိယအပိုဒ်မှာဖော်ပြထားသော ပြည်သူ့ရဲတပ်ဖွဲ့ဆိုသော စာသားအသုံးအနှုန်းဟာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ညွှန်းဆိုဟန်ရှိပါတယ်။ အဆိုပါအပိုဒ်မှာလည်းပဲ လက်ပံတောင်း၊ ရခိုင်ပြည်နယ်၊ မိတ္ထီလာမြို့ ဖြစ်ရပ်များမှာ ရဲတပ်ဖွဲ့၏ လုပ်ဆောင်ချက်၊ ရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲရေးတို့အပေါ် ထောက်ပြသွားမှုများဟာ ငြင်းဆိုဖွယ်မရှိပါ။ ကော်မတီ၏တာဝန် အပိုဒ်ခွဲ(ခ)တွင် ကော်မတီသည် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေသော အကြောင်းကိစ္စများဖြစ်ပေါ်ရန်

အကြောင်းပေါ်ပေါက်ပါက၊ ပေါ်ပေါက်သည်ဟု ယူဆပါက သက်ဆိုင်ဆက်စပ်သည့်အဖွဲ့အစည်းများကို ကူညီစောင့်ကြည့်ထိန်းညှိပေးရမည်ဟု ဖော်ပြထားချက်အရ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေခဲ့သော တင်ပြပါကိစ္စများနှင့် မန္တလေးကိစ္စများမှာလည်း ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒါ့အပြင် ကော်မတီ၏တာဝန်အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အောင်မြင်လာရေးအတွက် လေ့လာသုံးသပ်ဆောင်ရွက်ရမည်ဟု ဖော်ပြချက်ပါအတိုင်းလည်း ဆက်လက်ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

အစီရင်ခံစာတွင် ဖော်ပြထားသော တာဝန်ခံမှုနှင့် ရဲတပ်ဖွဲ့ဆိုင်ရာ တရားဥပဒေပြဋ္ဌာန်းမှုခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့မှုများဟာ ကော်မတီ၏တာဝန်အပိုဒ်ခွဲ(ဃ)နှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရတဲ့အတွက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကော်မတီ၏တာဝန် အပိုဒ်ခွဲ(စ)တွင် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များအားလုံးကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံတင်ပြရမည်ဟု ဖော်ပြချက်များအရလည်း ကော်မတီအနေဖြင့် တင်ပြတိုင်ကြားမှုအရေအတွက်နှင့် ဆောင်ရွက်ထားရှိမှုများရှိခဲ့လျှင်လည်း အစီရင်ခံစာတွင် ဖော်ပြဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အချုပ်အားဖြင့် တင်ပြရလျှင် အစီရင်ခံစာပါဖော်ပြချက်များကို ထောက်ခံပါကြောင်းနှင့် ကော်မတီဟာ ပြည်သူများအမှန်တကယ်အားကိုးနေကြသော ကော်မတီဖြစ်တာနှင့်အညီ ကော်မတီ၏လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မြင့်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ချက်များအားလုံးနှင့် ကျွန်တော်၏ အပြုသဘောဆောင် ဆွေးနွေးအကြံပြုချက်များအပေါ် ကော်မတီ၏ဆောင်ရွက်ချက်များကို နောင်အစီရင်ခံစာများတွင် ဖော်ပြသင့်ပါကြောင်း လေးစားစွာတင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသာစိန်၊ ကျောက်တော်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသာစိန်(ကျောက်တော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံးကို လေးစားဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကျောက်တော်မဲဆန္ဒနယ်က ဦးသာစိန်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြည့်တဲ့အခါမှာ တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့အပေါ် ပင်မခံပြီးတော့ တိုးတက်ရာတိုးတက်ကြောင်း သင်တန်း

များပေးရန် နိုင်ငံတကာမှ အကူအညီများရယူရန်ကိစ္စတို့ကို အဓိကဖော်ပြထားတာကိုတွေ့ရပါတယ်။ နိုင်ငံတော်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ ပြဿနာများကို တရားဥပဒေစိုးမိုးအောင် ဘယ်လိုဖြေရှင်းရမယ် ဆိုတာကိုတော့ မတွေ့မိပါဘူး။ နောက်ဆုံးစာမျက်နှာတစ်ခုမှာ တရားဥပဒေကိစ္စဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး(၃)ရပ်နှင့်သာဆိုင်တယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။ ဒီအချက်ကိုမူတည်ပြီးတော့ ကျွန်တော်ရဲ့သဘောထားကို တင်ပြပါမယ်။

နောက်ပြီးတော့ စောစောကလည်း မနက်ပိုင်းမှာ ဗိုလ်မှူးချုပ်တင့်ဆန်းက ဝေဖန်တဲ့အထဲမှာ အချက်တစ်ခုပါသွားပါတယ်။ အဲဒါကဘာလဲဆိုတော့ မဏ္ဍိုင်ကြီး(၃)ရပ်ဟာ စိန်ခေါ်မှုတွေရှိနေတယ်လို့ အဲဒီစကားကိုကြားလိုက်ပါတယ်။ ကျွန်တော်လည်း အဲဒီစကားကိုအားကျပြီးတော့ ဒီအချက် ၃ ချက်ကိုပဲ ထပ်ပြီးတော့ ကျွန်တော်ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်အုပ်ချုပ်ရေးအလွန် ပြည်သူ့လွှတ်တော်ခေတ်မှာ ဒီမိုကရေစီပန်းတိုင်သို့ သန့်ရှင်းသောအစိုးရအနေနဲ့ ချီတက်နေတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒီမိုကရေစီခေတ်သို့ ချီတက်နေတဲ့ ယာဉ်ကြီးဟာ လေးနှစ်ကျော်ကြာခဲ့ပေမယ့် ခရီးတွင်တယ်လို့ ကျွန်တော်မထင်မိပါဘူး။ ဒီအချက် ၃ ချက်ကို အဲဒီကိစ္စကို ကားတစ်စီးအနေနဲ့ နမူနာပြပါမယ်။ ဒီမိုကရေစီကားကြီးပေါ်မှာ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ အလယ်ကထိုင်ပြီးတော့ သမ္မတကြီးနှင့်အပါးတော်မြဲတွေက ကားကိုမောင်းနှင်နေကြပါတယ်။ ကားခေါင်မိုးပေါ်မှာရှိတဲ့ လွှတ်တော်ကလည်း လေတရှူးရှူး စကားတွေပြောပြီး ဥပဒေတွေချမှတ်ပေးနေပါတယ်။ ဒါပေမယ့် ကားက အလွန်နှေးကွေးစွာနဲ့ သွားနေတာကို တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီကားရဲ့နောက်မှာ အုပ်ချုပ်ရေး အကျင့်ပျက်တဲ့အတွဲတစ်တွဲ၊ တရားစီရင်ရေးအကျင့်ပျက်တဲ့အတွဲတစ်တွဲ၊ စီးပွားရေးအကျင့်ပျက်တဲ့အတွဲတစ်တွဲ၊ အဲဒီအတွဲတွေ ၃ ခုက အဲဒီကားရဲ့နောက်မှာ ဆွဲထားတဲ့အတွက် ကားဟာ အရှိန်နဲ့မသွားနိုင်ဘူးဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ကမ္ဘာမှာရှားပါးတဲ့ ဝန်ကြီးပေါင်း ၁၀၀ ကျော်နဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးနေပါတယ်။ သူတို့ချင်းပြေလည်နေကြပါတယ်။ တိုင်းရင်းသားတွေကတော့ တန်းတူအခွင့် အရေးရဖို့ အရေးဆိုနေကြပါတယ်။ အာဏာရပါတီမှာ မပါဝင်တဲ့တိုင်းရင်းသားတွေကတော့ ဘေးဖယ်ခံနေရပါတယ်။ နယ်တွေမှာဆိုရင် အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးမှူးအားလုံးဟာ အာဏာရပါတီ အတွက်ကိုပဲ အလေးထားပြီးတော့ မျက်နှာသာပေးနေကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးမှာဆိုရင်လည်း အဖိုးတန်တဲ့ တောတွေ၊ တောင်တွေ မြေပြန့်တွေဖြစ်ကုန်ကြပါပြီ။ အဖိုးတန်တဲ့ သစ်တွေကလည်း ပြုန်းတီး

နေကြပါပြီ။ မိဘဘိုးဘွားလက်ထက်ကစ၍ ဆက်စပ်နေထိုင်လာခဲ့ကြတဲ့ တောင်သူလယ်သမားတွေဟာလည်း လယ်ပျောက်၊ မြေပျောက်၊ ရွာပျောက်ဘဝကိုရောက်လာကြရပါပြီ။ ခေတ်မှာ ရေပန်းစားနေတာကတော့ ဘယ်မြေ၊ ဘယ်တောင်၊ ဘယ်အဆောက်အဦကို နိုင်ငံခြားကုမ္ပဏီတွေကို ပေးရင် ငါ့အတွက် Under table book grade ဘယ်လောက်ရမယ်ဆိုတာကို လိုက်ရှာနေတဲ့ ခရိုနီနဲ့ လက်အောက်ခံတွေများပြားနေတာကို တွေ့မြင်ရပါတယ်။ နိုင်ငံတော်ရဲ့ ထမင်းရှင်ဖြစ်တဲ့ တောင်သူလယ်သမားတွေ လယ်သိမ်းမြေသိမ်းခံရပြီး ဘဝပျက်နေကြရပါတယ်။ လယ်သမားတွေဟာလည်း အချို့ဆိုရင် ထောင်ထဲကိုရောက်နေကြရပါတယ်။ တရားစီရင်ရေးမှာဆိုရင်လည်း ငွေပေါတဲ့သူက တရားနိုင်တဲ့ခေတ်ပါ။ ဘယ်တရားသူကြီး၊ ဘယ်တရားရုံးမှာမှ သမာသမတ်ရှိကြတာတွေမတွေ့ရပါဘူး။ လာဘ်ငွေပေးနိုင်ရင် တရားနိုင်တဲ့ ခေတ်ကြီးဖြစ်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ လယ်သိမ်း၊ မြေသိမ်းခံ ပြည်သူတွေရဲ့ငိုသံတွေ၊ ရှိုက်သံတွေ၊ ကျိန်ဆဲသံတွေကို အုပ်ချုပ်သူတွေက နားလည်ပေးဖို့ လိုပါလိမ့်မယ်။ အဲဒီကိစ္စတွေကို ဦးစားပေးဖို့လိုပါလိမ့်မယ်။ နားထောင်ဖို့လိုပါလိမ့်မယ်။ ဒါမှမဟုတ်ရင် တရား ဥပဒေစိုးမိုးရေးဆိုတာ အလကားပါပဲ။ အစီရင်ခံစာထဲမှာ ပြည်သူတွေတိုင်တဲ့တိုင်စာတွေ တော်တော်များများ အရေအတွက်ကို ဖော်ပြတာတွေ့ပါတယ်။ ဒါပေမယ့် ဘယ်လိုဖြေရှင်းရမလဲဆိုတာကို တိတိကျကျ ဖော်ပြထားတာကို မတွေ့ရပါဘူး။ ဒီနေ့ တရားဥပဒေစိုးမိုးရေးအတွက်ဆိုရင် တိုင်းပြည် တစ်ပြည်လုံးဖြစ်နေတဲ့ ဒီအချက် ၃ ချက်ကို အဓိကထားပြီးတော့ စဉ်းစားဖြေရှင်းပေးရပါလိမ့်မယ်။ နိုင်ငံရေးအကျင့်ပျက်မှုဆိုတာလည်းပါပါတယ်။ ဒါကိုကျွန်တော်မဆွေးနွေးတော့ပါဘူး။ ဤကိစ္စ ၃ ရပ်ကို ထိန်းချုပ်ပြီးတော့ ကျွန်တော်တို့တိုင်းပြည်မှာဖြစ်နေတဲ့ဥစ္စာကို ဆေးဝါးကုသလိုကုပေးရပါလိမ့်မယ်။ ဒီအတွက် တိုင်းပြည်ထဲမှာ ဒီအချက် ၃ ချက်ကို အခြေခံပြီးတော့ ဖြစ်နေတဲ့ အထက်လူကြီးများကအစ အောက်ခြေအထိ ကူးစက်နေတာကိုတွေ့ရပါတယ်။ ဒါတွေကို အစိုးရက တာဝန်ခံပြီးတော့ မရှင်းပေးနိုင်သမျှ ပြည်သူ့ဆန္ဒသဘောထားထောက်ခံမှုလည်း အာဏာပိုင်တွေက ရမှာမဟုတ်ပါဘူး။ တရားဥပဒေစိုးမိုးရေးဆိုတာ ဒီအချက် ၃ ချက်ကို အလေးထားမဖြေရှင်းသမျှ တည်ငြိမ်အေးချမ်းရေးလည်း မရနိုင်ပါဘူး။

ဒါကြောင့် နောက်တစ်ချက်ကတော့ ငြိမ်းချမ်းရေးကိစ္စပါ။ ပြည်သူတွေ အထူးသဖြင့် နယ်က လူတွေဟာ နှစ်ဖက်လက်နက်ကိုင်ကြားမှာ စစ်ဘေးဒဏ်ခံနေရပါတယ်။ ဒါတွေကိုလည်း မဖြေရှင်းဘဲနဲ့ တရားဥပဒေစိုးမိုးရေးဆိုတာ ဖြစ်မလာနိုင်ပါဘူး။ အဲဒီတော့ အဲဒီအချက်တွေကိုမပြောဘဲနဲ့ ခုနက

ပြောတဲ့ နောက်ကဆွဲထားတဲ့ အုပ်ချုပ်ရေးအကျင့်ပျက်မှုအတွဲရယ်၊ တရားစီရင်ရေးအကျင့်ပျက်မှုအတွဲရယ်၊ စီးပွားရေးအကျင့်ပျက်မှုအတွဲတွေကို အာဏာပိုင်တွေကပြုပြင်ပြီးတော့ အရေးယူပေးမှသာလျှင် ဒီတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုတာဖြစ်လာပါလိမ့်မယ်လို့ ကျွန်တော်ကထောက်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းကြပါစေ။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီကတင်သွင်းတဲ့ အစီရင်ခံစာအပေါ်မှာ ဆက်လက်ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်ချက်များစွာရှိပါတယ်။ အဲဒီမှာ တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရေးဟာ အခြေခံအကျဆုံးလိုအပ်ချက်ကြီးပဲဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတဲ့နေရာမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး ၃ ရပ်လုံးနှင့် သက်ဆိုင်နေပြီးတော့မှ ပူးပေါင်းဆောင်ရွက်မယ့် လုပ်ငန်းကြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် တရားဥပဒေစိုးမိုးမှုအားကောင်းစေဖို့အတွက် စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာနှင့် ပဉ္စမမဏ္ဍိုင်ဖြစ်တဲ့ အရပ်ဖက်လူမှုအဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုလည်း အထူးလိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်များအနေနဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မယ့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးခြင်း၊ ဒီမိုကရေစီနဲ့ မကိုက်ညီတော့တဲ့ ဥပဒေဟောင်းများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများဟာ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားအပေါ်မှာ အပြည့်အဝသက်ရောက်မှုရှိ/မရှိ။ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်စတဲ့အဖွဲ့အစည်းများကို စောင့်ကြည့်ထိန်းညှိခြင်းတို့ကို အဓိကဆောင်ရွက်နေရပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင် အစိုးရအဖွဲ့အနေနဲ့ များပြားကျယ်ဝန်းလှတဲ့ စီမံခန့်ခွဲရေးလုပ်ငန်းများကို လုပ်ဆောင်တဲ့နေရာမှာ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှု မရှိခဲ့လျှင် ထိုလုပ်ငန်းများဟာ အောင်မြင်မှာမဟုတ်ပါဘူး။ တရားရေး တတိယမဏ္ဍိုင်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲတရားစီရင်ရေးဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားစီရင်ရေးလုပ်ငန်းများကို အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်နေဖို့လိုအပ်ပါ

တယ်။ တရားစီရင်ရေးဆိုတာ အမှန်တရားကို စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ တရားရေးနယ်ပယ်မှာ တရားသူကြီးများသာမကဘဲနဲ့ ဥပဒေအရာရှိများ၊ ရှေ့နေများ၊ တရားရုံးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ကဲ့သို့သော တရားစွဲအဖွဲ့အစည်းများအားလုံး ပါဝင်ကြပါတယ်။ နှစ်ဖက် သက်ရှိသက်မဲ့ သက်သေများလည်း ပါဝင်နေကြပါတယ်။ ဖြစ်ရပ်တစ်ခုမှာ ဖြစ်ရပ်မှန်အမှုမှန်ပေါ်ပေါက်စေဖို့အတွက် မှန်ကန်တဲ့ တရားစီရင်ရေးဖြစ်ရန် လိုအပ်သလိုပဲ မှန်ကန်စွာတရားစီရင်နိုင်ဖို့အတွက်လည်း သက်သေခံချက် ကောက်ယူတဲ့အခါမှာ ဘက်လိုက်မှုမရှိအောင် ဆောင်ရွက်သင့်ပါတယ်။ တရားခွင်မှာ ဥပဒေအရာရှိနှင့် ရှေ့နေတို့ကို အခွင့်အရေးတန်းတူပေးကာ မျှတတဲ့ စီရင်ချက်ကို ချမှတ်ဖို့လည်း လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တရားအတွက် တရားဥပဒေရဲ့ အကာအကွယ်ကိုရရှိဖို့ တရားရုံးများကိုအားကိုးနေကြတဲ့ ပြည်သူများအနေနဲ့ စီရင်ချက်မချမီ တရားရုံးများသို့ နှစ်ကာလကြာမြင့်စွာ အကြိမ်ကြိမ်သွားနေရသောကြောင့် အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်ကာ တရားရုံးများအပေါ်မှာ ယုံကြည်မှုလျော့ပါးလာနေပါတယ်။ ထိုအခြေအနေသည် နိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုကို လွန်စွာထိခိုက်လာနိုင်ကြောင်းတင်ပြလိုပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုအခြေအနေဟာ လွန်စွာအားနည်းနေပြီးတော့မှ တရားရေးမဏ္ဍိုင်ကလည်းပဲ ယိမ်းယိုင်နေကြောင်း ပြည်တွင်းပြည်ပမှ ဝေဖန်ထောက်ပြနေကြပါတယ်။ တရားရေးနယ်ပယ်မှာ အဂတိလိုက်စားမှုများ လွှမ်းမိုးနေဆဲဖြစ်ကြောင်းလည်းဝေဖန်ကြပါတယ်။ ထိုသို့ဖြစ်ပေါ်နေရခြင်းသည် တရားရေးနယ်ပယ်မှာက ပုဂ္ဂိုလ်ဝန်ထမ်းများအနေဖြင့် ပြည့်စုံလုံလောက်တဲ့ လစာ၊ စရိတ်နှင့်ပံ့ပိုးမှု (Facility) များမရကြသောကြောင့် ဖြစ်နိုင်ကြောင်းလည်းပဲ သုံးသပ်ကြပါတယ်။ အဲဒီအခြေအနေကြောင့် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာ ကော်မတီအနေဖြင့် တရားရုံးများ၊ ဥပဒေရုံးများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကစပြီးတော့မှ လိုအပ်တဲ့ပံ့ပိုးမှုများကို ဘဏ္ဍာငွေတွက်ချက်ပြီးမှ ကျွန်တော်တို့ ပံ့ပိုးဆောင်ရွက် ပေးခဲ့ပါတယ်။ အဲဒါများကတော့ တိုင်းဒေသကြီး/ပြည်နယ်တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် နေအိမ်အဆောက်အဦများဆောက်လုပ်ရန်၊ တရားသူကြီးများနှင့် ဝန်ထမ်းများအတွက် မော်တော်ယာဉ်ဝယ်ယူရန်၊ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအတွက်လည်းပဲ အလားတူ အဆောက်အဦနှင့် ယာဉ်များဝယ်ယူရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများအတွက်လည်းပဲ ဒေသက ချောကားတွေဆွဲမသုံးရအောင် လို့လိုအပ်တဲ့ မော်တော်ယာဉ်များဝယ်ယူရန်တို့ပါဝင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနှင့် လွှတ်တော်အတွေ့အကြုံမရှိခဲ့တာကြောင့် ကျွန်တော်တို့ မဏ္ဍိုင်ကြီး ၃ ရပ်မှာ အားနည်းချက်များကိုယ်စီရှိကြပါတယ်။ ဥပဒေပြုလွှတ်တော်အပိုင်းကို ကြည့်လို့ ရှိရင်လည်းပဲ ပြဋ္ဌာန်းပြီးဥပဒေတစ်ရပ်ကို လပိုင်း၊ နှစ်ပိုင်းအတွင်း ပြန်ပြင်နေရခြင်းသည် ဥပဒေ စွမ်းရည်မပြည့်ဝသေးကြောင်း ကျွန်တော်တို့တွေ့ရှိရမှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်အနေနဲ့ လည်းပဲ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေး၊ စီးပွားရေး စသဖြင့် အရေးအရာပေါင်းစုံကို စီမံခန့်ခွဲနေတာကြောင့်မို့လို့ အားနည်းချက်များ ပိုမိုကြုံတွေ့ရမှာ ဖြစ်ကြောင်း ကျွန်တော်တို့အားလုံး နားလည်လက်ခံပေးရမှာဖြစ်ပါတယ်။ သို့သော်လည်း တတိယ မဏ္ဍိုင် တရားစီရင်ရေးအနေဖြင့် ဒီမိုကရေစီတရားစီရင်ရေးစနစ်နှင့် ကင်းကွာနေတာ ကြာမြင့် ခဲ့တာကြောင့် ဝေဖန်မှုများစွာအောက်မှာ လှုပ်ရှားနေရတာတွေ့ရပါတယ်။ တရားသူကြီးတစ်ယောက် စီရင်ချက်များမှားယွင်းချမှတ်နေလျှင် အချက် ၃ ချက်ဖြင့် စိစစ်ထောက်ပြနိုင်ပါတယ်။

ပထမအချက်ကတော့ တရားစီရင်ရေးနှင့် ဥပဒေပညာ မပြည့်ဝခြင်း၊ ဒုတိယကတော့ ဖိအား ပေးခံရခြင်း၊ တတိယကတော့ လာဘ်စားခြင်းတို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားသူကြီး တစ်ယောက်အနေနဲ့ ပညာလည်းပြည့်ဝ၊ ဖိအားပေးခံရမှုလည်းမရှိပါဘဲလျက် စီရင်ချက်များမှားယွင်း ချမှတ်နေလို့ရှိရင်တော့ လာဘ်စားခြင်းကြောင့်လို့ပဲ စွပ်စွဲရတော့မှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး နှင့်တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံတဲ့ တရားရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ရန်ဖြစ် သောကြောင့် ယခုလိုဝေဖန်ထောက်ပြရခြင်းဖြစ်ပါတယ်။ ဒီကနေ့အုပ်ချုပ်ရေးမဏ္ဍိုင်က ကြိုးပမ်းဖော် ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲရေး တတိယလှိုင်းဆိုတာဟာ နိုင်ငံတော်သမ္မတကြီး ကတိပြုထားတဲ့ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုကို အကောင်အထည်ဖော်ဖို့သာဖြစ်ပါတယ်။ အဲဒီလို ဖော်ဆောင်တဲ့အခါမှာ မဏ္ဍိုင်ကြီး(၃)ရပ်မှာပါဝင်ကြတဲ့ ဝန်ထမ်းပုဂ္ဂိုလ်များအားလုံးရဲ့ လူ့စွမ်းအား အရင်းအမြစ် တိုးတက်မြင့်မားနေမှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရား ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ ကြိုးပမ်းမှုဖြင့် တရားဥပဒေစိုးမိုးရေးစင်တာ များဖွင့်လှစ်နိုင်ဖို့ စီမံခြင်းဟာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်ရန် လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်တိုးတက်မြင့်မားနေအောင် ပျိုးထောင်ပေးခြင်းပဲဖြစ်ပါတယ်။ တရားသူကြီး များ၊ ဥပဒေအရာရှိနှင့်ရှေ့နေများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဝန်ထမ်းများကို ပြည်တွင်းပြည်ပ ပညာရှင်များက သင်ကြားလေ့ကျင်ပေးမှာလည်းဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်မှုဟာ ဥပဒေပြုရေး

မဏ္ဍိုင်က အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့အပေါ် လွှမ်းမိုးစွက်ဖက်တယ်လို့ မယူဆနိုင်ကြောင်းအလေးအနက်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရေးနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းပြုတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့သော်လည်း မဏ္ဍိုင်(၃)ရပ် တာဝန်ရှိပုဂ္ဂိုလ်များအနေနဲ့ အာဏာ(၃)ရပ်ကို ပိုင်းခြားသုံးစွဲခြင်းကိုသာ အလေးထားကြပြီးတော့မှ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းအပိုင်းမှာ လွန်စွာအားနည်းနေကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံဥပဒေပြဋ္ဌာန်းချက်အရ ပိုင်းခြားသုံးစွဲသင့်သည်ကို ပိုင်းခြားမသုံးစွဲပါက ပုဒ်မ ၁၁ ပုဒ်မခွဲ(က)နှင့် ငြိစွန်းနိုင်သကဲ့သို့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**သူရဦးအောင်ကို(ကန့်ပက်လက်မဲဆန္ဒနယ်)**။ ။ နိဂုံးချုပ်ပါမယ်။ အခြေခံဥပဒေပြဋ္ဌာန်းချက်အရ ပိုင်းခြားသုံးစွဲသင့်သည်ကို ပိုင်းခြားမသုံးစွဲပါက ပုဒ်မ ၁၁ ပုဒ်မခွဲ(က)နှင့်ငြိစွန်းနိုင်သကဲ့သို့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်း ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စကို မဆောင်ရွက်ခဲ့ရင်လည်းပဲ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)နဲ့ ငြိစွန်းနိုင်ကြောင်း သတိပြုရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခုရဲ့ ကြီးမားတဲ့ ဂုဏ်ဒြပ်ဆိုတဲ့နေရာမှာ သယံဇာတပေါများခြင်းကြောင့် ဒါတွေရောင်းချလို့ စီးပွားရေးပြည့်စုံတာကိုမဆိုလိုပါဘူး။ တရားဥပဒေစိုးမိုးပြီးတော့မှ အေးချမ်းသာယာတဲ့နိုင်ငံကိုသာ ဒါနိုင်ငံတစ်ခုရဲ့ ဂုဏ်ဒြပ်လို့ဆိုလိုပါတယ်။ ဒီကနေ့ သယံဇာတပေါကြွယ်ဝတဲ့ အရှေ့အလယ်ပိုင်းနိုင်ငံအချို့နဲ့ ဥရောပတိုက်က ဆွဇ်ဇာလန်၊ နော်ဝေ၊ ဆွီဒင်စတဲ့ Scandinavia နိုင်ငံငယ်များကို နှိုင်းယှဉ်သုံးသပ်လို့ရှိရင်တော့ ဒါပေါ်လွင်စွာ တွေ့ရှိရမှာဖြစ်ပါတယ်။ ထို့ကြောင့် ကောင်းမြတ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေးစီမံဆောင်ရွက်မှုကြောင့် တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ပြီးတော့မှ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုတိုးတက်လာမှာဖြစ်ကြောင်း ကျွန်တော်တို့ ယုံကြည်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက လွှတ်တော်သို့တင်သွင်းခဲ့တဲ့ အစီရင်ခံစာကို အလေးအနက်ထောက်ခံအပ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့အစီရင်ခံစာထဲမှာပါတဲ့ တရားစီရင်ရေးနှင့်ပတ်သက်တဲ့ အချက်(၂)ချက်အပေါ်မှာ ဆွေးနွေးတင်ပြခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ရှေးဦးစွာတင်ပြအပ်ပါတယ်။ ပထမအချက်အနေနဲ့ကတော့ ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးစင်တာများအား ဖွဲ့စည်းရန်အတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကျင်းပတဲ့နေရာမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ငြင်းပယ်တယ်ဆိုတဲ့အချက်နဲ့ပတ်သက်ပြီးတော့ ရှေးဦးစွာရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက ကျင်းပပြုလုပ်တဲ့ တရားဥပဒေစိုးမိုးရေးစင်တာများအတွက် ကျင်းပပြုလုပ်တဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးပေါင်း ၁၁ ကြိမ်လုံးမှာ ပါဝင်တက်ရောက်ခဲ့ပြီးတော့ စိတ်ပါဝင်စားစွာပါဝင်ဆွေးနွေးခဲ့ပါတယ်။ နောက်ဆုံးအကြိမ်ကျင်းပတဲ့ ၈-၉-၂၀၁၄ ရက်နေ့ အဲ့ဒီ ပထမ ၁၀ ကြိမ်ကျင်းပတဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများမှာဆိုရင်တော့ အခုအစီရင်ခံစာမှာပါတဲ့အတိုင်း ပြည်ထောင်စုလွှတ်တော်တရားရုံးချုပ်ကိုယ်စားလှယ်က ဆွေးနွေးတင်ပြခဲ့မှုမရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့သော်လည်း ၈-၉-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့အစည်းအဝေးမှာတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စားလှယ်က တရားဥပဒေစိုးမိုးရေးစင်တာတည်ထောင်ခြင်းဟာ လွှတ်တော်ကဆောင်ရွက်တဲ့ကိစ္စဖြစ်တဲ့အတွက် ထိုကိစ္စနဲ့ပတ်သက်ပြီး ပြောကြားရန်မရှိကြောင်း၊ သင်တန်းကိစ္စကတော့ တရားသူကြီးများက မိမိတို့ပင်မတာဝန်ဖြစ်တဲ့ တရားစီရင်ရေးလုပ်ငန်းများ များပြားတဲ့အတွက် သင်တန်းတက်ရန် အခက်အခဲများရှိကြောင်း ပြောကြားခဲ့ကြောင်း ကျွန်တော်တို့ ပြန်လည်တင်ပြတဲ့အစီရင်ခံစာအရ တွေ့ရပါတယ်။ အဲ့ဒီလို ပြောကြားခဲ့တဲ့ကိစ္စမှာလည်း တကယ်ပြောကြားတာကတော့ တရားသူကြီးတွေဟာ တရားစီရင်ရေးတာဝန် လုပ်ငန်းများတဲ့အတွက် သင်တန်းတက်ဖို့ အခက်အခဲရှိတယ်ဆိုတာကို အဓိကထားပြောကြားခြင်းဖြစ်ပါတယ်။ ဒီသင်တန်းတက်ရောက်ဖို့ ငြင်းပယ်ခြင်းမဟုတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ဒုတိယအချက်ဖြစ်တဲ့

အစီရင်ခံစာမှာပါတဲ့ တရားရုံးများစောင့်ကြည့်လေ့လာရေး လွတ်လပ်တဲ့ အဖွဲ့အစည်းများရှိသင့်ကြောင်းအချက်နှင့် အခု ကျွန်တော်တို့ ထောက်ခံဆွေးနွေးသွားကြတဲ့ ဒေါ်မိမြင့်သန်းတို့ရဲ့တင်ပြချက်မှာလည်း လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းသင့်ပါကြောင်း တင်ပြချက်အပေါ်မှာ မကျဉ်းမကျယ် ဆွေးနွေးတင်ပြခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများ စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများဖွဲ့စည်းသင့်ကြောင်းဆိုပြီးတော့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာမှာ ဖော်ပြထားတာကိုတွေ့ရပါတယ်။ တရားရုံးများစောင့်ကြည့်လေ့လာရေး၊ လွတ်လပ်တဲ့အဖွဲ့အစည်းများ ဖွဲ့စည်းမယ်ဆိုရင် ဘယ်ဥပဒေအရ ဖွဲ့စည်းမှာပါလဲလို့ ပထမဦးဆုံး ကျွန်တော်တို့မေးမြန်းရမှာ ဖြစ်ပါတယ်။ သာမန်အားဖြင့်တော့ ဥပဒေပြဋ္ဌာန်းချက်မရှိဘဲနဲ့ အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတယ်ဆိုတာ အခြားနေရာတွေမှာ ဖြစ်နိုင်ပေမယ့်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ ဖွဲ့စည်းတည်ထောင်ထားတဲ့ တရားရုံးများကို ကြီးကြပ်ဖို့၊ စောင့်ကြည့်ဖို့ ရည်ရွယ်ချက်နဲ့ဖွဲ့စည်းမယ်ဆိုရင်တော့ ဥပဒေပြဋ္ဌာန်းချက်မရှိဘဲနဲ့ ဒီလိုအဖွဲ့အစည်းမျိုးဖွဲ့စည်းနိုင်ပါသလားလို့ ဥပဒေပြဿနာပေါ်ပေါက်မှာဖြစ်ပါတယ်။ ဒီလိုပေါ်ပေါက်မယ့်ဥပဒေပြဿနာဟာ သာမန်ဥပဒေပြဿနာမဟုတ်ပါဘူး။ အလွန်ကြီးမားတဲ့ဥပဒေပြဿနာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ နိုင်ငံတော်မှာတရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ထားတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ ပါ ဥပဒေနှင့်လွတ်လပ်စွာတရားစီရင်ရေးဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့တရားစီရင်ရေးမူတစ်ရပ်ဖြစ်ပါတယ်။ အခြေခံဥပဒေကပေးအပ်တဲ့ လွတ်လပ်စွာတရားစီရင်ခွင့်ကို မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကမှ ဝင်ရောက်စွက်ဖက်ခွင့်မရှိပါကြောင်း၊ နိုင်ငံတော်၏အခြေခံမူဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တရားရုံးများကို ကြီးကြပ်ဖို့၊ စောင့်ကြည့်ဖို့ အဖွဲ့အစည်းများဖွဲ့စည်းခြင်းဟာ မလွဲမသွေ တရားရုံးများရဲ့ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်ရာ ရောက်တော့မှာဖြစ်ပါတယ်။ စောင့်ကြည့်ရေးအဖွဲ့တွေရဲ့တာဝန်က ဘာတွေလဲ။ တရားရုံးတွေက ဆုံးဖြတ်ချက်များဟာ ဥပဒေနှင့်ညီ/မညီ၊ တရားသူကြီးတွေက ဥပဒေကအပ်နှင်းတဲ့တာဝန်တွေကိုကျေပွန်စွာဆောင်ရွက်ခြင်းရှိ/မရှိတို့ကို စိစစ်ရန်အတွက် ဖွဲ့စည်းမယ်လို့ ဆွေးနွေးချက်များအရ သိရပါတယ်။ ဒီဆောင်ရွက်ချက်တွေဟာဆိုလို့ရှိရင် တရားရုံးများရဲ့ လွတ်လပ်စွာတရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ကြောင်း ထင်ရှားလှပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများက လွတ်လပ်စွာတရားစီရင်ခွင့်ရှိသော်လည်း ဥပဒေနှင့် ညီ/မညီ စိစစ်ရန်လိုအပ်ပါတယ်လို့ ဆွေးနွေးတာကိုလည်း ကြားသိရပါတယ်။ ဥပဒေနှင့်ညီ/မညီ စိစစ်ရန်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ အထက် တရားရုံးအဆင့်ဆင့်ကို ပေးအပ်ထားတာဖြစ်ပါတယ်။ တရားရုံးများစောင့်ကြည့်လေ့လာရေးအဖွဲ့ကို အာဏာအပ်နှင်းထားခြင်းမရှိပါဘူး။ အဲ့ဒီလို အာဏာအပ်နှင်းခြင်းမရှိတဲ့ ဒီအဖွဲ့က ဥပဒေနှင့်ညီ/မညီ စိစစ်ခွင့်ရရှိမှာလည်း မဟုတ်ပါဘူး။ စိစစ်ခဲ့ရင်လည်း တွေ့ရှိချက်ဟာ တရားဝင်မှာမဟုတ်ပါဘူး။ မိမိ တို့ရဲ့စိစစ်ချက်ဟာ တရားဥပဒေအရ တရားမဝင်ဘူးဆိုလို့ရှိရင် ဒီလိုအဖွဲ့အစည်းမျိုးကို ဖွဲ့စည်းဖို့ လိုပါ့မလားဆိုတာကို ကျွန်တော်တို့စဉ်းစားစရာဖြစ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ဆက်လက် ပြီးတော့ တရားရုံးတစ်ရုံးရဲ့ဆုံးဖြတ်ချက်ဟာ ဥပဒေနှင့်ညီ/မညီကိုစိစစ်ဖို့အတွက် တည်ဆဲဥပဒေ များမှာ အခွင့်အရေးတွေ အပြည့်အဝအပ်နှင်းထားပြီးဖြစ်ပါတယ်။ တရားရုံးတစ်ရုံးရဲ့ဆုံးဖြတ်ချက် အပေါ်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိအောင် ဥပဒေအဆင့်ဆင့်အရ၊ ဥပဒေအရ အဆင့်ဆင့်အယူခံတင်သွင်းခွင့်၊ ပြင်ဆင်မှုလျှောက်ထားခွင့်၊ ပြန်လည်သုံးသပ်ပေးစေရန် လျှောက်ထား ခွင့်၊ ရာဇဝတ်တရားစီရင်ရေးဥပဒေကို၊ အာဏာကိုအလွဲသုံးစားလုပ်ပြီး ပြစ်မှုကြောင်းအရ အရေးယူ ခံမှုများကို ချေဖျက်ပေးရန် လျှောက်ထားခွင့်၊ စာချွန်တော်အမျိုးမျိုး ထုတ်ဆင့်ပေးရန် လျှောက်ထား ခွင့်များရှိတဲ့အတွက် တရားရုံးများရဲ့ဆုံးဖြတ်ချက်များ မှန်ကန်မှုရှိ/မရှိ၊ ဥပဒေနှင့်ညီ/မညီကို ကြပ်မတ် စိစစ်ရန်အတွက် ပြဋ္ဌာန်းချက်များ အပြည့်အစုံရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ နိုင်ငံတော် အတွင်းမှာရှိတဲ့ တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲရမယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ဒီတာဝန်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၈ မှာလည်း ပြည်ထောင်စုတရားသူကြီးချုပ်ဟာ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးမှာဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်း အဝေးများမှာဖြစ်စေ နိုင်ငံတော်နှင့်အများပြည်သူတို့နှင့်သက်ဆိုင်တဲ့၊ အရေးကြီးတဲ့တရားစီရင်ရေး ဆိုင်ရာအခြေအနေတွေကို အခါအားလျော်စွာတင်ပြနိုင်ကြောင်းကို ပြဋ္ဌာန်းထားတာရှိပါတယ်။ တရားစီရင်ရေးရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက သိရှိလိုသောအချက်များရှိပါကလည်း လွှတ်တော်နည်းဥပဒေများနှင့်အညီ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြတဲ့မေးခွန်းများ မေးမြန်းနိုင်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှင်းလင်း ဖြေကြားပေးရန် တာဝန်ရှိတဲ့အတွက် တရားစီရင်ရေးဆိုင်ရာအခြေအနေတွေကို အချိန်နှင့်

တစ်ပြေးညီသိရှိနိုင်ရန်အတွက် တရားရုံးများစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖွဲ့စည်းလိုပါတယ်ဆိုတဲ့ အကြောင်းပြချက်ကလည်း ခိုင်မာမှုမရှိလှပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများက လာဘ်ပေးလာဘ်ယူပြုလုပ်မှုတွေ၊ အဂတိလိုက်စားမှုတွေကိုစောင့်ကြည့်ဖို့အတွက် စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့တယ်ဆိုရင်လည်း လာဘ်ပေးလာဘ်ယူပြုမှု၊ အဂတိလိုက်စားမှုတွေအတွက် တိုင်ကြားရန်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေဟာအများကြီးပဲ ရှိပြီးဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီ၊ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီတို့ကို တိုင်ကြားနိုင်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း လာဘ်ပေးလာဘ်ယူမှုကိစ္စတွေကို တိုင်ကြားပါလို့ တရားရုံးတိုင်းမှာ နို့တစ်စာကပ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စအတွက်နဲ့လည်း စောင့်ကြည့်လေ့လာရေးအဖွဲ့တွေကိုဖွဲ့စည်းရန်အတွက် လိုအပ်မှာမဟုတ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ အလေးပေးစဉ်းစားသင့်တဲ့ အချက်တစ်ရပ်ကို တင်ပြလိုပါတယ်။ ဒါကတော့ စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းခဲ့ရင် ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ပီပီပြင်ပြင်ကျင့်သုံးတဲ့နိုင်ငံတိုင်းမှာ တရားရုံးများကို စောင့်ကြည့်လေ့လာရေးအဖွဲ့တွေ ဖွဲ့စည်းထားတာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီနိုင်ငံများက တရားရုံးများရဲ့ လွတ်လပ်စွာတရားစီရင်ရေးကို တန်ဖိုးထားကြတဲ့အတွက် ဘယ်နည်းနဲ့မှ လွတ်လပ်စွာတရားစီရင်ရေးကို အထိခိုက်မခံပါဘူး။ လွတ်လပ်စွာတရားစီရင်ရေးကို ထိခိုက်တာနဲ့ တရားမျှတမှန်ကန်မှုဆိုတာ မရှိနိုင်ဘူးလို့ သိရှိနားလည်ကြတဲ့အတွက် ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေဟာ မိမိနိုင်ငံမှာ လွတ်လပ်စွာတရားစီရင်ရေးကို ထိန်းသိမ်းကြသလို အခြားနိုင်ငံများကလည်း ကျင့်သုံးရန်အတွက် အားပေးဆောင်ရွက်တာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံက တရားရုံးများစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖွဲ့စည်းလိုက်မယ်ဆိုရင် မြန်မာနိုင်ငံမှာ လွတ်လပ်စွာတရားစီရင်ရေးစနစ် မရှိတော့ဘူးလို့ သိရှိသွားကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံဖို့လာရောက်ကြတဲ့သူများကလည်း ဒီနိုင်ငံမှာလွတ်လပ်စွာတရားစီရင်ရေးစနစ် ပီပီပြင်ပြင်ရှိ/မရှိကို လေ့လာနေကြဆဲဖြစ်ပါတယ်။ လွတ်လပ်စွာတရားစီရင်ရေးစနစ်ရှိပါမှ သူတို့တစ်တွေဟာ ရဲရဲဝံ့ဝံ့နဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပြုလုပ်ကြမှာဖြစ်ပါတယ်။ လွတ်လပ်စွာတရားစီရင်ရေးစနစ်မရှိတဲ့နိုင်ငံမှာ ပြင်ပရင်းနှီးမြှုပ်နှံမှုတွေ လာရောက်ဖို့တွန့်ဆုတ်သွားနိုင်တာမို့ တိုင်းပြည်အတွက်လည်း အမှန်တကယ် ထိခိုက်နိုင်ကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းခြင်းဟာ တရားရုံးရဲ့ဂုဏ်သိက္ခာကို အမှန်ပင်ထိခိုက်စေမှာဖြစ်ပါတယ်။ တရားရုံးများကို အထောက်အထားမဲ့ ဖိန္ဒိပ်ဝေဖန်ပြောဆိုနေကြတဲ့ အခုလို အချိန်အခါမျိုးမှာ ဒီလိုဖွဲ့စည်းဆောင်ရွက်ခြင်းဟာ တရားရေးမဏ္ဍိုင်ကို မြှင့်တင်ပေးရာမရောက်ဘဲ ရည်ရွယ်ချက်မရှိသော်လည်းပဲ တရားစီရင်ရေးအပေါ်မှာ ပြည်သူတွေရဲ့ယုံကြည်မှုမရှိစေတဲ့ ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေမှာ မုချဖြစ်ပါတယ်။ ဒါကြောင့် အခုလိုအချိန်အခါမျိုးမှာ တရားရေးမဏ္ဍိုင်ကို ခိုင်မာသထက်ခိုင်မာအောင်၊ ပြည်သူတွေရဲ့ယုံကြည်ကိုးစားတဲ့ တရားစီရင်ရေးဖြစ်ထွန်းအောင် မဏ္ဍိုင်အားလုံးနှင့် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမယ့် အချိန်အခါဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ တရားရုံးများစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းခြင်းရဲ့ နောင်ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးတစ်ခုကိုလည်း တင်ပြလိုပါတယ်။ ၁၉၇၃ ခုနှစ်၊ ပြည်သူ့တရားစီရင်ရေးစနစ်ရှေ့ပြေးကာလမှာ ဒီလိုအဖွဲ့အစည်းမျိုးဖြစ်တဲ့ ပြည်သူ့တရားရေးရာကော်မတီဆိုတဲ့အဖွဲ့ကို ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ခဲ့ဖူးပါတယ်။ အဲ့ဒီအဖွဲ့ဟာ တရားစီရင်ရေးကဏ္ဍမှာ တဖြည်းဖြည်းချင်းနှင့်ဩဇာလွှမ်းမိုးမှုတွေ ဖြစ်ပေါ်လာတာကြောင့် နောက်ပိုင်းမှာ ဒီအဖွဲ့ကို ဖျက်သိမ်းလိုက်ရတဲ့ သာဓကရှိခဲ့ဖူးပါတယ်။ ဒါကြောင့် အဲ့ဒီအချိန်တုန်းက Who will Watch the Watcher စောင့်ကြည့်သူများကို မည်သူတို့က တဖန်ပြန်လည်စောင့်ကြည့်ကုန်မည်နည်းလို့ မေးခွန်းတစ်ခုပေါ်ထွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် တရားရုံးများစောင့်ကြည့်လေ့လာရေး လွတ်လပ်တဲ့အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းဟာ တရားဥပဒေစီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်း မခံရတဲ့အဖွဲ့ကို ဖွဲ့စည်းပြီးတော့ တရားရုံးရဲ့ဆောင်ရွက်ချက်များကို စိစစ်ရန်ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မုချမသွေဆန့်ကျင်မှာဖြစ်ပါတယ်။ ဤကဲ့သို့ဖွဲ့စည်းခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ အဆုံးအဖြတ်ခံယူစေရန်အတွက် အတင်းအကျပ်တွန်းပို့ရာ ရောက်မည်ဖြစ်ပါကြောင်းကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများချင့်ချိန်ဝေဖန်သုံးသပ်နိုင်ပါရန် တင်ပြအပ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အားဖြင့် တရားရုံးများ စောင့်ကြည့်လေ့လာရေး လွတ်လပ်တဲ့အဖွဲ့အစည်းများ ဖွဲ့စည်းသင့်သည်ဆိုတဲ့အချက်ကို ခြွင်းချက်ပြုပြီးတော့ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဥ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တင်သွင်းတဲ့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနက လက်ခံရရှိခဲ့ပါတယ်။ ဒီအစီရင်ခံစာမှာပါတဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာမှာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအဖွဲ့ဝင်တွေဟာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်းနဲ့ ဒီဒေသမှာ တရားဥပဒေစိုးမိုးရေး လွန်စွာအားနည်းပြီးတော့ ပြည်သူတို့ရဲ့အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံမှုချို့ယွင်းနေကြောင်းလည်း ဖော်ပြထားတာတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင် အတွင်းမှာ ဒီ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကနေ စက်တင်ဘာလ ၂၈ ရက်နေ့အထိ အမှု ၁၀ မျိုးဖြစ်ပွားမှုအနေနဲ့ လူသတ်မှုရှစ်မှု၊ မုဒိန်းမှု ၁ မှု ပေါင်း ကိုးမှုနှင့် ဖြစ်ပွားခဲ့ပြီး လူသတ်မှုလေးမှု၊ မုဒိန်းမှု ၁ မှု တရားစွဲတင်ပြီးတော့ လူသတ်မှု တစ်မှုပိတ်သိမ်းပြီးတော့ စစ်ဆေးဆဲသုံးမှုရှိပါတယ်။ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်ဟာ အခြားမြို့နယ်နဲ့ နှိုင်းယှဉ်မယ်ဆိုလို့ရှိရင်တော့ အမှုဖြစ်ပွားမှု ပိုမိုများပြားနေတာကို တွေ့ရှိရပါတယ်။ ဒီမြို့နယ်ဟာ နယ်စပ်မြို့တစ်မြို့ဖြစ်နေတဲ့အပြင် နိုင်ငံခြားသားများ အဝင်အထွက်ရှိသကဲ့သို့ ပြည်တွင်းမြို့နယ်အသီးသီးက ပြည်ပကို အလုပ်အကိုင် ရှာဖွေဖို့သွားသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူဝင်လူထွက်ရှုပ်ထွေးတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

သို့ပါ၍ မှုခင်းများပိုမိုဖြစ်ပွားကြောင်းလည်း သုံးသပ်တွေ့ရှိရပါတယ်။ တာချီလိတ်ခရိုင် အတွင်းမှာ လူဦးရေ ၂၇၇၄၄၀ ဦးရှိပြီး ရဲတပ်ဖွဲ့ဝင်အင်အားမှာ ၃၇၅ ဦးဖြစ်တဲ့အတွက် ရဲအချိုး လူဦးရေမှာ ၁း၇၃၉ ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ရေရှည်ဆောင်ရွက်ရမယ့်အစီအစဉ်နှင့်

လတ်တလောဆောင်ရွက်ရမယ့်အစီအစဉ်ဆိုပြီးတော့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ လတ်တလောဆောင်ရွက်ရမယ့်အစီအစဉ်တွေအနေနဲ့ အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်မှုများဆောင်ရွက်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း၊ စွမ်းအင်မြှင့်တင်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း ဒီအပိုင်းအနေနဲ့ ဆောင်ရွက်နေပါတယ်။ အသိပညာပေးခြင်းအပိုင်းမှာလည်း သက်ဆိုင်ရာတပ်ဖွဲ့ဝင်တွေကို အသိပညာပေးခြင်းဆောင်ရွက်နေသလို ဥပဒေနှင့်ပတ်သက်ပြီးတော့မှ ပြည်သူလူထုတွေ သိရှိနားလည်အောင်ကိုလည်း အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်မှာ အုပ်ချုပ်ရေးအာဏာသက်ရောက်ခြင်းဖြင့် တရားဥပဒေစိုးမိုးမှုကိုရရှိကာ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖြစ်ထွန်းစေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးကိုတည်ဆောက်ခြင်းဟာ အမျိုးသားလုံခြုံရေးမူဝါဒကို အကောင်အထည်ဖော်ခြင်းဖြစ်ပါတယ်။ ဒီမူဝါဒအပေါ်အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့နှင့် တပ်ဖွဲ့ဦးစီးဌာန ၅ ခုဖွဲ့စည်းပြီးတော့မှဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် လုပ်ငန်းအဆင့် ၅ ရပ်ကိုလည်းချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတဟာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ဥရောပငါးနိုင်ငံခရီးစဉ်အတွင်း ဒီဘရပ်ဆဲမြို့ကိုရောက်တဲ့အချိန်မှာ ဥရောပသမဂ္ဂရုံးမှာ မြန်မာနိုင်ငံနဲ့ ဥရောပသမဂ္ဂကြားမှာ အရေးပေါ်ပူးပေါင်းဆောင်ရွက်ဖို့အတွက် သဘောတူညီချက်တစ်ရပ်ကို ဘယ်လ်ဂျီယံဆိုင်ရာ သံအမတ်ကြီးနဲ့ ဥရောပသမဂ္ဂ ပြည်ပဆက်ဆံရေးဌာနမှ Managing Director တို့ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ခေါင်းဆောင်တဲ့ အဖွဲ့ဝင် လေးဦးပါဝင်တဲ့ အဖွဲ့ဟာလည်း ဘယ်လ်ဂျီယံနိုင်ငံ ဘရက်ဆဲမြို့ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ကနေ ၅ ရက်နေ့အထိ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာအရေးပေါ်အခြေအနေများ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်ပြီးတော့မှ စွမ်းရည်မြှင့်မားရေးအတွက် သင်တန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ဒီသဘောတူညီချက်တွေအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဥရောပသမဂ္ဂအဖွဲ့ EU ကနေ စွမ်းရည်မြှင့်တင်ရေးကဏ္ဍ ပံ့ပိုးကူညီမယ့် စီမံကိန်းကာလမှာ ၂၀၁၃ ခုနှစ် ဇွန်လကနေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ ၁၈ လ ကြာမြင့်မှာဖြစ်ပြီးတော့ စီမံ ကိန်းကာလအတွင်းမှာ ယူရိုငွေ ၁၀ သန်း အကုန်ကျခံဆောင်ရွက်ပေးသွားရန် သဘောတူညီချက် ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်း အရေးပေါ်အခြေအနေတုံ့ပြန်မှုဗဟိုဌာန ထူထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ ၆၀ ဦး၊ ဥရောပသမဂ္ဂမှ သင်တန်းနှစ်ကြိမ် ပို့ချခဲ့ပြီးတော့ လိုအပ်တဲ့ နည်းပညာစက်ကိရိယာပစ္စည်းတွေကိုလည်း ပံ့ပိုးကူညီခဲ့ပါတယ်။ ဥရောပသမဂ္ဂအစီအစဉ်နဲ့ ဖွင့်လှစ်တဲ့ လူစုလူဝေးကို

စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်းကိုလည်း ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်ကနေ ယခုအချိန်အထိ အမှတ်စဉ်(၁)ကနေ (၁၁)အထိ သင်တန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရာရှိ ၄၃၂ ဦးနဲ့ အခြားအဆင့် ၁၉၈၂ ဦး၊ လေ့လာသူ ၈၉၃ ဦး စုစုပေါင်း ၃၃၀၇ ဦးကိုလည်း သင်ကြားလေ့ကျင့်ပေးပြီးဖြစ်ပါတယ်။ သင်းတန်းအမှတ်စဉ် (၁၂)ကိုလည်း ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှစတင်ဖွင့်လှစ်ပြီးတော့မှ သင်တန်းအမှတ်စဉ်(၁၆)အထိ ဆက်လက်ဖွင့်လှစ်သွားမှာဖြစ်ပြီးတော့ အရာရှိ ၂၀၀ ဦး၊ အခြားအဆင့် ၁၀၀၀ ဦးကိုလည်း ဆက်လက်လေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌကလည်း ဥရောပသမဂ္ဂကို ရဲတပ်ဖွဲ့ရဲ့ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်နဲ့ လူစုလူဝေးကို စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်းအတွက် ပံ့ပိုးပေးရန် တိုက်တွန်းခဲ့တာလည်း ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ တရားဥပဒေစိုးမိုးရေးစင်တာ (Rule of Law Center) ဖွင့်လှစ်ရေးနဲ့ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဥပဒေစိုးမိုးရေးတာဝန်အား ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနမှလည်းကောင်း၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှလည်းကောင်း၊ ဥပဒေပြုရေးကိစ္စရပ်များကို လွှတ်တော်အတွင်းမှလည်းကောင်း ဆောင်ရွက်ရာမှာ တရားဥပဒေစိုးမိုးရေးဌာနများတည်ထောင်ရေးညှိနှိုင်းမှုကော်မတီဖွဲ့စည်းရေးအား နိုင်ငံ့ဝန်ထမ်းများမပါဝင်စေဘဲ ဆောင်ရွက်သင့်ကြောင်း ရှင်းလင်းပြန်ကြားခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိနိုင်ငံတော်မှာ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်လို့ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိရာမှာ ပြည်သူက ရွေးကောက်တင်မြှောက်ခဲ့တဲ့ အစိုးရဖြစ်တာနဲ့အညီ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသလို ခေတ်အဆက်ဆက်အစိုးရများနှင့်မတူညီဘဲ မူလရှိပြီးတဲ့လုပ်ငန်းတွေကို ပြုပြင်ပြောင်းလဲတဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အခုအခါ နိုင်ငံတော်အစိုးရအနေနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်ဆောင်ရွက်ပေးရမယ့် ပြည်သူတို့ရဲ့ လူမှုစီးပွားဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးနိုင်မယ့်အပိုင်းကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ် လုပ်ငန်းစဉ် ၅ ရပ်ချမှတ်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးယန္တရားမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးဒေသအဖွဲ့တွေကို သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ အဆိုပါ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ အကြီးအမှူးက ရာထူး

အလျောက် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ခရိုင်အဆင့်မှာ ခရိုင်အုပ်ချုပ်ရေးမှူးအဖြစ် လည်းကောင်း၊ မြို့နယ်အဆင့်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင် လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီအနေနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးဒေသအဖွဲ့တွေအနေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရိုင်နှင့် မြို့နယ် အလိုက် တာဝန်ထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင်ကို ကွပ်ကဲမှု နယ်မြေအတွင်းမှာ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် ခရိုင်အဆင့်ဌာနဆိုင်ရာကနေပါဝင်တဲ့ ခရိုင်အဆင့်စီမံခန့်ခွဲ မှုကော်မတီကိုလည်းကောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်တဲ့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီကို လည်းကောင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပေါ်ပေါက်လာတဲ့ အစိုးရသစ်လက်ထက်မှာ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ်ဖြစ်ပေါ်လာရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ယခင် ခေတ်အဆက်ဆက်က အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းများမှ ဦးစီး၍ ဆောင်ရွက် ခဲ့ရာမှာ ယခုအခါမှာ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကိုလေ့လာပြီးတော့ ပြည်သူဗဟိုပြုအုပ်ချုပ် ရေးပုံစံနဲ့ အုပ်ချုပ်ရေးယန္တရားဟန်ချက်ညီညီ ထိန်းကျောင်းနိုင်စေရေးအတွက် အများဆန္ဒနှင့်အညီ ရွေးချယ်ထားတဲ့ မြို့မိမြို့ဖ လူမှုစီးပွားရေးဆိုင်ရာအဖွဲ့လုပ်ငန်းအလိုက် ပညာအခြေပြုအဖွဲ့များမှ ကိုယ်စားလှယ်တွေနဲ့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအလိုက် အသီးသီးဖွဲ့စည်းပြီးတော့မှ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အုပ်ချုပ် ရေးပိုင်းပြုပြင်ပြောင်းလဲမှုမှာလည်း ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးများကို အကောင်အထည်ဖော်တဲ့နေရာမှာ ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အပြင် ခေတ်စနစ်နှင့်လိုက်လျောညီထွေမှု မရှိခဲ့တဲ့ ဖွဲ့စည်းပုံ အခေါ်အဝေါ်တွေ၊ ရာထူးအဆင့်၊ တံဆိပ်၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေတွေ၊ နည်းဥပဒေတွေကို ပြင်ဆင်ခြင်း အသစ်ပြဋ္ဌာန်းခြင်းများဆောင်ရွက်လျက်ရှိရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန် ချက်အရလည်းကောင်း၊ ဆုံးဖြတ်ချက်အရလည်းကောင်း အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်လာပါကလည်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း ဆောင်ရွက်လျက်

ရှိပါတယ်။ မြေယာစီမံခန့်ခွဲမှုကိစ္စရပ်များနှင့်ပတ်သက်၍လည်း ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်က ပေးပို့တဲ့ကိစ္စရပ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ စတင်ဖွဲ့စည်းတဲ့အချိန်ကနေ ယနေ့အထိ စုံစမ်းရေးကော်မရှင်က ပေးပို့လာတဲ့ မြေယာအမှုတွဲတွေမှာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအနေနဲ့ လယ်ယာမြေနှင့် စပ်လျဉ်းလို့ တိုင်ကြားစာ ၂၅၀၀ စောင်လက်ခံရရှိပြီး သက်ဆိုင်ရာ လွှတ်တော်ကော်မတီနှင့် ကော်မရှင်အဖွဲ့ခွဲများသို့ပေးပို့ကြောင်း ဖော်ပြထားခြင်းနှင့်စပ်လျဉ်းလို့ ဒီတိုင်ကြားစာ ၂၅၀၀ စောင်အား ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်က သတ်မှတ်တဲ့နည်းလမ်းအတိုင်း မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီထံသို့ လွှဲပြောင်းပေးပို့ခဲ့တဲ့ မြေယာတိုင်ကြားစာတွေမှာ ပါဝင်ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာပါအကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အဓိကတာဝန်ယူဆောင်ရွက်နေရတဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များတွင် မှတ်သားပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမြင့်(အတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ)။** ။ အနည်းအကျဉ်းတင်ပြခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။ အဲတော့ ကျွန်တော်တို့ အစီအစဉ် ၉ ဆောင်ရွက်တဲ့အခါမှာ အဆိုတင်သွင်းဖို့ဖိတ်ခေါ်တဲ့အခါမှာ တစ်ပါတည်းပေါင်းပြီးတော့တင်ပေးပါ။

## ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနဲ့ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုကို တင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(အတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ)။** ။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ခုန က အပြုသဘောဆောင်ပြီးတော့ အကြံပြုဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။ နောက်တစ်ခုက ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တွေထဲမှာ တချို့နည်းနည်းပြန်ရှင်းရမယ့် အချက်ကလေးတွေကို ကျွန်တော်အကျဉ်း ချုပ်ရှင်းလင်းတင်ပြခွင့်ပြုဖို့လည်း လွှတ်တော်ဥက္ကဋ္ဌကြီးအား ခွင့်တောင်းခံအပ်ပါတယ်။ ဒေါ်နန်းဝါနု ဆွေးနွေးသွားတဲ့အထဲမှာ ရဲတပ်ဖွဲ့အား လွှတ်တော်ထံပို၍ တာဝန်ခံလာစေရန် ကိစ္စနဲ့ပတ်သက် ပြီးတော့ အာဏာကြီး(၃)ရပ်ဟာ အထင်အမြင်လွဲမှားနိုင်မှုဖြစ်ပေါ်နိုင်ပါတယ်လို့ ဆွေးနွေးသွားတာရှိ ပါတယ်။ တကယ်တော့ ဒါကအထင်အမြင်လွဲမှားနိုင်မှုကို မဖြစ်ပေါ်ပါဘူး။ ဒါကကျွန်တော်တို့က ဒီလို လုပ်မယ်လို့ပြောတာ မဟုတ်ဘူး။ သို့သော် နိုင်ငံတကာ အီးယူနိုင်ငံတွေမှာရော၊ အာဆီယံနိုင်ငံတွေမှာ ရော လက်တွေ့ကျင့်သုံးနေတဲ့ တစ်ချိန်က လွှတ်တော်အမတ်တွေ၊ အခု အဲဒီတရားဥပဒေစိုးမိုးရေးမှာ လုပ်နေတဲ့လူတွေ၊ အဲဒီပညာရှင်တွေက လာပို့ချတဲ့ဘာသာရပ်တွေကို ကျွန်တော်တို့က ဒီမှာ အရှိကို အရှိအတိုင်း၊ ပကတိအခြေအနေအမှန်ကို လွှတ်တော်ကြီးကို တင်ပြတာဖြစ်ပါတယ်။ အဲဒီပို့ချတဲ့အခါမှာ အာဆီယံထဲကဆိုရင်လည်း အင်ဒိုနီးရှားတို့၊ ဖိလစ်ပိုင်တို့က ပညာရှင် ကြီးတွေလည်းပါပါတယ်။ EU က ပညာရှင်တွေလည်းပါပါတယ်။

ဒါကျွန်တော်တို့ တက်တဲ့ကိုယ်စားလှယ်အားလုံးသိပါတယ်။ ဒါလေးကိုလည်း ကျွန်တော်တို့ ဆက်လက်တင်ပြလိုပါတယ်။ နောက်တစ်ခုက တရားဥပဒေစိုးမိုးရေးကိစ္စဟာ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှအောင်မြင်မယ်ဆိုတာ အကြံပြုပါတယ်။ ကျွန်တော်တို့လက်ခံပါတယ်။ ဒီလိုအတွက် လည်း ကျွန်တော်တို့ ကြိုးလည်းကြိုးစားရတယ်။ ကြိုးစားတာမှ ကျွန်တော်တို့ပြောမယ်ဆိုရင် ကျွန်တော်တို့အပြောဖြစ်ပါ့မယ်။ လွှတ်တော်မှာ လွှတ်တော်ညွှန်ကြားရေးမှူးချုပ်ဆီမှာ မှတ်တမ်းရှိပါ တယ်။ ကျွန်တော်တို့ ဒီလိုပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ ဘယ်နှစ်ကြိမ်ထိပေးပို့ထားတယ်ဆိုတဲ့ စာရွက် စာတမ်းသက်သေခံ အထောက်အထားတွေရှိပါတယ်။ အဲဒီမှာ လေ့လာကြည့်ရင်သိပါတယ်။ သို့သော် ကျွန်တော်တို့က ဘယ်လောက်ပဲ ပူးပေါင်းချင်ပူးပေါင်းချင် တစ်ဖက်က ဆန္ဒရှိဖို့လည်းလိုပါတယ်။ ဆန္ဒရှိမှဖြစ်မြောက်မှာပါ။ ဒါဟာကျွန်တော်တို့က ဘာဖြစ်လို့ ဒီလိုပူးပေါင်းချင်လည်းလို့မေးရင် ရပ်ရွာ အေးချမ်းသာယာရေးနဲ့တရားဥပဒေစိုးမိုးရေးဆိုတာ နိုင်ငံတော်ရဲ့ နိုင်ငံရေးမူဝါဒဦးတည်ချက်ထဲမှာ ထိပ်ဆုံးကပါနေတာ။ အဲဒီထိပ်ဆုံးက ပါနေတဲ့ဟာကြီးကို ကျွန်တော်တို့က အားလုံးပူးပေါင်းဆောင်ရွက်

မှအောင်မြင်မှာမို့လို့ ဒီလောက်တောင် လက်ကမ်းကြိုဆိုပြီးတော့ ကျွန်တော်တို့လုပ်တာဖြစ်ပါတယ်။ သို့သော် ပြည်ထောင်စုအစိုးရအဖွဲ့က ပြန်လာတာကတော့ အခုန အားလုံးလည်းပြောသွားပါတယ်။ ဒါက လွှတ်တော်က လုပ်တဲ့ကိစ္စမို့လို့ လွှတ်တော်ကိုယ်စားလှယ်တွေကပဲ ဆောင်ရွက်ပါဆိုတော့ တခြားကိစ္စတွေ၊ ကိစ္စတွေမှာကျတော့ရော လွှတ်တော်ကိုယ်စားလှယ်တွေရော၊ အစိုးရအဖွဲ့ရော၊ တရားစီရင်ရေးရော အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်နေတာ ဒီကိစ္စကိုလည်း အစက ဒီလိုပဲပူးပေါင်းပါဝင် ဆောင်ရွက်မယ်ဆိုပြီးလုပ်လာ၊ လုပ်လာလို့ ခုနလို ၉ကြိမ်၊ ၁၀ကြိမ် အစည်းအဝေးထိုင်ပြီးတော့ ဖွင့်ခါနီးလေးကျတော့မှ နိုင်ငံ့ဝန်ထမ်းတွေဖြစ်လို့ဆိုတော့ အစက အဲဒါ နိုင်ငံဝန်ထမ်းဖြစ်တာ မသိလို့လား။ သို့သော် နောက်ပိုင်းကျတော့တစ်ခါ ဒါနဲ့ပတ်သက်လို့ လိုအပ်လို့ရှိရင် ပြည်ထဲရေးဝန်ကြီးဌာနက ပူးပေါင်းကူညီဆောင်ရွက်မယ်ဆိုတော့ ကြိုဆိုပါတယ်။ အဲ့ဒီပြည်ထဲရေးဝန်ကြီးက ပူးပေါင်းကူညီဆောင်ရွက်မယ်ဆိုပြန်တော့လည်း အဲဒါ နိုင်ငံ့ဝန်ထမ်းမဟုတ်လို့လား။ ခုနက ရှေ့စကားနဲ့နောက်စကားဟာ အဲဒီလိုကိုဖြစ်နေတာ။

ဒါဟာ ကျွန်တော်တို့က လွှတ်တော်ကြီးကို အဓိကကျွန်တော်တို့က လွှတ်တော်ကပေးထားတဲ့ တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လွှတ်တော်ကို တင်ပြခြင်းဖြစ်ပါတယ်။ အခုန ဦးသိန်းထွန်းဦးပြောသလိုပါပဲ။ ဒါကတကယ်အရေးယူရန်ရှိပါက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်ဆိုတဲ့ ကျွန်တော်တို့ကော်မတီကိုပေးထားတဲ့ တာဝန်ကိုကျွန်တော်တို့က အရှိအတိုင်း ဒါတင်ပြခြင်းဖြစ်ပါတယ်။ ဒါလေးကိုလည်း ကျွန်တော်တို့ ပြန်ရှင်းလင်းတင်ပြအပ်ပါတယ်။ နောက်တစ်ခုက ဦးသိန်းထွန်းဦး ကျွန်တော်တို့ ခုနကပြောသွားတဲ့အထဲမှာကောင်းပါတယ်။ ဒီအကြံပြုချက်။ ဒါဟာ ကျွန်တော်တို့ပြန်ရှင်းခွင့်ရတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ အဲ့ဒါ လက်ပံတောင်းတောင်ကိစ္စ၊ ရခိုင်ပြည်နယ်၊ မိတ္ထီလာမြို့နယ်တွေမှာလည်း ခုနကလိုအရေးအခင်းတွေမှာ ကူညီတည့်မတ်ထိန်းသိမ်းဖို့ ကော်မတီမှာ တာဝန်ရှိတယ်ဆိုတော့ ကျွန်တော်တို့ကြိုးစားပါတယ်။ လက်ပံတောင်းတောင်ကိစ္စကတော့ ဒါအားလုံးသိပါတယ်။ ဒါအောင်မြင်သွားပါတယ်။ မိတ္ထီလာကိစ္စကျွန်တော်တို့ကြိုးစားပါတယ်။ ဒီအရေးပေါ်အခြေအနေမကြေညာခင်ကတည်းကိုက ကျွန်တော်တို့ မိတ္ထီလာကိုယ်စားလှယ် ဦးဝင်းထိန်ကိုလွှတ်ပြီးတော့ ကော်မတီဥက္ကဋ္ဌကနေလွှတ်ပြီးတော့ အခြေအနေအရပ်ရပ်တွေ မေးပြီးတော့ကြိုးစားပါတယ်။ သို့သော် ကျွန်တော်တို့ဟာ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်မရပါဘူး။ မိတ္ထီလာကိုယ်စားလှယ် ဦးဝင်းထိန်ပင်လျှင် သူ့နယ်မြေမှာ သူဖြစ်နေတဲ့ဟာကို ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်မရဘူး။ သူတောင်မှလွတ်အောင် မနည်းနေနေရတဲ့အခြေအနေရှိပါတယ်။ ဒါလေး

ကိုလည်း ကျွန်တော်တို့က အရှိအတိုင်း ဒါအားလုံးကို တင်ပြအပ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ခုနက ပြောသွားတာရှိပါတယ်။ ဦးသိန်းထွန်းဦး ပြောသွားတဲ့အထဲမှာ အချက်အလက်ကလေးတွေနဲ့ တင်ပြနိုင်ရင်တော့ ပိုကောင်းတယ်လို့ပြောပါတယ်။ ကျွန်တော်တို့ဟာ အသွင်သဏ္ဌာန်ထက် အစီရင်ခံစာကို အနှစ်သာရကိုတင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ခုနကပြောတဲ့ အချက်အလက်တွေဟာရှိပါတယ်။ ကျွန်တော်တို့မှာ ဇယားနဲ့ရှိပါတယ်။ အားလုံးလုပ်ထားပါတယ်။ ဘယ်လောက်ရောက်တယ်၊ ဘယ်အမှုတွေ။ နောက်တစ်ခါ ဘယ်ကော်မတီတွေ၊ ဘယ်ကော်မရှင်တွေကို ဘယ်လောက်ပေးပို့ပြီးလဲ။ အဆင်သင့်ရှိပါတယ်။ သို့သော် ကျွန်တော်တို့တင်ရတာက စာတမ်းမဟုတ်ပါဘူး။ ကျွန်တော်တို့က လွှတ်တော်ကိုအဓိကအချက်တွေ ပါဝင်စေချင်တဲ့ အစီရင်ခံစာတင်ရတာဖြစ်ပါတယ်။ နောက်တစ်ခုက ကာလဒေသလည်းကြည့်ရပါတယ်။ ကာလဒေသဆိုတာ နာယကကြီးပြောပြောနေသလိုပါပဲ။ ဥက္ကဋ္ဌကြီးပြောပြောနေသလိုပါပဲ။ ဒီလွှတ်တော်အချိန်ဟာ ဘယ်လိုအခြေအနေ၊ ဘာကိစ္စတွေအရေးကြီးနေသလဲဆိုတာ ပြောထားတာတွေရှိတော့ ကျွန်တော်တို့ဟာ ကာလဒေသလေးကိုကြည့်ပြီးတော့ ဒီအစီရင်ခံစာကို တတ်နိုင်သမျှ အကျဉ်းချုပ်ရခြင်းပဲ ဖြစ်ပါတယ်။ ဒီတစ်ခုကို ကျွန်တော်တင်ပြအပ်ပါတယ်။ နောက်တစ်ခုက အခုန တရားစီရင်ရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကနေ ဆွေးနွေးသွားပါတယ်။ ဘယ်ဥပဒေ၊ ဘယ်ပုဒ်မတွေနဲ့ ဖွဲ့စည်းလို့ဖြစ်မှာလဲ။ ဒီလိုမေးပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်၏အချုပ်အခြာအာဏာ၏ခက်မ ၃ ဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်ဆိုပြီးတော့ ဒီလိုပေးအပ်ထားတာရှိပါတယ်။ ဒီလိုအချင်းချင်းအပြန်အလှန်ထိန်းကျောင်းဖို့ဆိုတာ ဒီလိုကော်မတီ၊ ကော်မရှင်တွေဖွဲ့ရပါတယ်။ ဒီလိုကော်မတီတွေ၊ ကော်မရှင်တွေဖွဲ့တဲ့အခါကျတော့ ဘယ်လိုဖွဲ့သလဲလို့မေးရင်။ ဒီလွှတ်တော် နည်းဥပဒေ ၁၀၆ မှာ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန်လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်ဆိုပြီးတော့ လုပ်ပိုင်ခွင့်ပေးထားတာရှိပါတယ်။ ဒီလိုဥပဒေတွေ၊ ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေတွေ၊ ဒီလိုလွှတ်တော် ဥပဒေ၊ နည်းဥပဒေတွေနဲ့ ဖွဲ့ခွင့်ရှိပါတယ်။ ဒါဖြင့်ရင် အခြားကော်မတီ၊ ကော်မရှင်တွေ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာ

ရေးကော်မရှင်တို့ ဘယ်ဥပဒေတွေ၊ ဘယ်ပြဋ္ဌာန်းချက်တွေနဲ့ ဖွဲ့ပါသလဲလို့မေးရင် ဘယ်လိုဖြေပါ့မလဲ။ ဒါဟာကျွန်တော်တို့ ဖွဲ့လို့ရတာကို ကျွန်တော်ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက အကျဉ်းချုပ်တင်ပြချင်တာက ခုနကပြောပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကပြောပါတယ်။ ဒီခုနက ပြည်သူ့ရဲတွေကိစ္စနဲ့ပတ်သက်လို့ ဆွေးနွေးပွဲတွေဟာ ဥက္ကဋ္ဌကနေပံ့ပိုးပေးရန် တိုက်တွန်းခဲ့မှုကြောင့်လို့ပြောပါတယ်။ တကယ်တော့အဲ့ဒီဆွေးနွေးပွဲတွေမှာ ဆွေးနွေးတိုင်း၊ ဆွေးနွေးတိုင်းမှာ အဲ့ဒီအဖွဲ့အစည်းတွေက တရားဝင် ဝေတဲ့စာရွက်တွေရှိပါတယ်။ ကျွန်တော်တို့ဆီမှာလည်းရှိပါတယ်။ အဲ့ဒီမှာကို အတိအလင်းပြောထားပါတယ်။ မြန်မာနိုင်ငံအစိုးရ၏ အဆိုပြုချက်အပြင်၊ မြန်မာနိုင်ငံပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းချက်များအရ ဥရောပသမဂ္ဂက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်နှင့် လူစုလူဝေးအားစနစ်တကျထိန်းသိမ်းခြင်းအပိုင်းများအတွက် ပြုပြင်ပြောင်းလဲရာတွင် ပံ့ပိုးပေးရန်ဆုံးဖြတ်ခဲ့ပါသည်ဆိုပြီးတော့ ဒီလိုပါပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အရှိအတိုင်း အစီရင်ခံစာမှာ ထည့်သွင်းတင်ပြခြင်းဖြစ်ပါတယ်။ ဒီလိုပါပဲ ခုနကျွန်တော်တို့ပြောသလို ပြီးခဲ့တဲ့ဩဂုတ်လ ၆ ရက်၊ ၇ ရက်၊ ၈ ရက်မှာ ဆွေးနွေးတာလေးနဲ့ ပတ်သက်လို့လည်း ဒီအတိုင်းပဲ သူတို့ရေးထားပါတယ်။ တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၏ တောင်းဆိုချက်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကာ EU ငွေကြေး ဖြည့်ဆည်းထောက်ပံ့ပေးထားပါသည် ဆိုပြီးတော့ ဒါတိတိလင်းလင်းကို ဒါကြောင့်မို့လို့ ကျွန်တော်တို့ဥက္ကဋ္ဌကပံ့ပိုးပေးရန် မဟုတ်ပါဘူး။ ကျွန်တော်တို့ကော်မတီက မှားရေးတာမဟုတ်ပါဘူး။ ကျွန်တော်တို့ကော်မတီ ဥက္ကဋ္ဌရဲ့ တောင်းဆိုချက်အရ ဒီလိုလုပ်ဖြစ်လာတာပါဆိုတာကိုလည်းပဲ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုတစ်ခါတည်း တင်လိုက်ပါ။

**ဦးဝင်းမြင့်(အတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းပေးတဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို ဤလွှတ်တော်က သဘောတူလက်ခံပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]